ကြေးမုံ
The Mirror Daily
၁၉၅၇ ပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်၊ တနင်္ဂနွေနေ့။ Sunday, 4 May 2025 ၁၁၈၀၇

## လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေး ရလဒ်များ တည်ငြိမ်မှု ရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကန့်ဘလူမြို့နယ်၌ နွေစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှုကို တွေ့ရစဉ်။

# ကန့်ဘလူခရိုင်၌ နွေစပါးများ လျာထားကေထက် ကျော်လွန်စိုက်ပျိုးပြီးစီး

ကန့်ဘလူ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးရာသီအတွင်း နွေစပါးဧက ၂၁၀၅၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၂၈၂၆ ဧကစိုက်ပျိုးပြီးစီးကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူများ နွေစပါးရာသီ စိုက်ပျိုးချိန်အမီ ထွန်ယက်စိုက်ပျိုးနိုင်ရန် ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူ၊ ကျွန်းလှမြို့နယ်တို့မှ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနများက ဆည်မြောင်းတာတမံများ၊ ရေပေးမြောင်းများ၊ မြောင်းစစ်လမ်းများ၊ မြောင်းပေါင်များပြုပြင်ခြင်း၊ ရေဝေရေလဲရေိယာမှ စီးဆင်းသည့်ရေများ အပြည့်အဝ သိုလှောင်အသုံးချရေးတို့ကို ကြိုတင်စီမံဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်မှ စတင်ရေပေးဝေခဲ့သည်။ ထို့ကြောင့် တောင်သူများက မြေပြုပြင်ထွန်ယက်ခြင်းများ၊ ပျိုးထောင်ခြင်းများ ဆောင်ရွက်၍ မတ်လနှင့် ဧပြီလ၌ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နွေစပါး ၂၂၈၂၆ ဧက စိုက်ပျိုးပြီးစီးခဲ့ခြင်းဖြစ်သည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖



# ကျောက်ပန်းတောင်းမြို့နယ်၌ ကြက်တူရွေးပဲစိုက်တောင်သူများ အဆင်ပြေ

ညောင်ဦး မေ ၃

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင်ကျေးရွာများဖြစ်သည့် လက်ပံအိုင့်ကျေးရွာ၊ လဲဂွကျေးရွာ၊ မုန့်ကုန်း၊ ညောင်ဖြူပင်၊ ကုန်းတဲ၊ ညောင်ချိုင်း၊ ဆပ်ပြာကျင်း၊ မကြီးတိုင်း၊ စည်ပင်သာ၊ အိုးအိုင်၊ ကင်မွန်းခြံကျေးရွာများသည် ကြက်တူရွေးပဲစိုက်ပျိုးခြင်းအား ယခုနှစ်မိုးရာသီတွင် စမ်းသပ်စိုက်ပျိုးကြရာ အပင်ဖြစ်ထွန်းကောင်းမွန်ပြီး အပွင့်ပွင့်နှုန်း၊ အသီးသီးနှုန်း ကောင်းမွန်ခြင်းကြောင့် ကြက်တူရွေးပဲတောင့်များ ဆွတ်ခူးရောင်းချခြင်းဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့** ❒


## ယနေ့ ဖတ်စရာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဒီဇယ် မက်ထရစ်တန် ၁၈၀၀၀ အား လွှဲပြောင်းလက်ခံ
စာမျက်နှာ » ၃

ဆင်သေလက်ယာမြောင်းမကြီးနှင့် လက်ဝဲမြောင်းမကြီးအတွင်းသို့ ရေခေါ်မြောင်း တူးဖော်၍ စိုက်ပျိုးရေပေးဝေ
စာမျက်နှာ » ၄

သတိ၊ သစ္စာ၊ သတ္တိစည်မြဲရှိတဲ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့
ဆောင်းပါး စာမျက်နှာ » ၁၁

ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ်(၃)တွင် ယာဉ်ဖြတ်သန်းခများ QR Code စနစ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိ
စာမျက်နှာ » ၁၇

ကြေးမုံ

# တရားမျှတမှုနှင့်ဂုဏ်သိက္ခာအတွက် အခွင့်အလမ်းအဖြစ်ရယူကြိုးစား

ပြီးခဲ့သည့်မတ်လအတွင်းဖြေဆိုခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲ စာဖြေလွှာများကို မန္တလေးတက္ကသိုလ်ပင်မဆောင်တွင် စာစစ်လုပ်ငန်းများ ဆောင်ရွက်နေစဉ် မတ်လ ၂၈ ရက်နေ့တွင် မန္တလေးလျှင်ကြီး လှုပ်ခတ်မှုကြောင့် မန္တလေးတက္ကသိုလ်ပင်မအဆောက်အအုံ ထိခိုက်ပြိုကျပြီး မီးလောင်မှုဖြစ်ပွားခဲ့ရာ မြန်မာနိုင်ငံအထက်ပိုင်း ဒေသလေးခုမှ ဘာသာပေါင်းစုံဖြေဆိုထားသော ကျောင်းသား ကျောင်းသူ ခြောက်သောင်းကျော်၏ စာဖြေလွှာများ မီးလောင်ပျက်စီးသွားခဲ့သည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခဲ့သည့်ဒေသအမျိုးအစား ၁၉ မျိုးရှိခဲ့သည့်အနက် ဒေသအမျိုးအစား လေးခု၏ စာဖြေလွှာများ ထိခိုက်ပျက်စီးခဲ့ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြေဆိုခဲ့မှုများအတွက် တရားမျှတမှုရှိစေရေး၊ ကျောင်းသား ကျောင်းသူများ၏ ဂုဏ်သိက္ခာနှင့် ကြိုးစားအားထုတ်ခဲ့မှုများကို ထောက်ရှု၍ အဆိုပါဒေသလေးခုမှ ကျောင်းသား ကျောင်းသူများအား စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရန် ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ခဲ့သည်။ လာမည့် ဇွန်လ ၁၆ ရက်နေ့မှ ၂၁ ရက်နေ့အထိ ပြန်လည်ကျင်းပစစ်ဆေးမည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ စာမေးပွဲပြီးဆုံးသည်အထိ အခက်အခဲမရှိ ချောမွေ့စွာဖြေဆိုသွားနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် လိုအပ်သည်များကို ပညာရေးဝန်ကြီးဌာနက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးနေသည်ကို မြင်တွေ့ရသည်။ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများကို သတ်မှတ်ထားသော ကျောင်းများ၌ မေလ ၂ ရက်နေ့မှစတင်၍ သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချပေးနိုင်ရန် တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမ တစ်ထောင်ကျော်က သင်ကြားပို့ချပေးနေပြီဖြစ်သည်။ သဘာဝဘေးဒဏ်ခံစားရသည့် ဒေသများမှ ကျောင်းသား ကျောင်းသူများ စာမေးပွဲကို ကောင်းမွန်စွာပြန်လည်ဖြေဆိုနိုင်ရန်အတွက် လာရောက်ကူညီပေးကြသော ဆရာ ဆရာမများ၏ လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာဒေသများရှိ ပညာရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကျောင်းသား ကျောင်းသူများအား ကျောင်းသင်ခန်းစာများ၊ မေးခွန်းပုံစံများကို သေချာစွာ နားလည်သဘောပေါက်စေရန် စေတနာအပြည့်ဖြင့် ပညာဒါနသင်ကြားပေးခြင်းဖြစ်၍ သမိုင်းမှတ်တိုင်စိုက်ထူနိုင်မည့် သင်ကြားခြင်းအဖြစ် ဂုဏ်ယူကြရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကူညီထောက်ပံ့ဖြည့်ဆည်းပေးမှုများနှင့် စိတ်ဓာတ်ခွန်အားများကို အမြင့်ဆုံးထားကာ အခက်အခဲများကို မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ရင်ဆိုင်ဖြတ်ကျော် ကြိုးစားသွားကြရမည်ဖြစ်သည်။ အခက်အခဲကို အခွင့်အလမ်းအဖြစ်အသုံးချကာ ယခင်ဖြေဆိုခဲ့ကြသည်များထက် ပိုမိုထူးချွန်ထက်မြက်အောင်မြင်လာအောင် ကြိုးစားအားထုတ်သွားကြရမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်း သင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး ကျောင်းအိပ်၊ ကျောင်းစားထားရှိကာ စိတ်ချမ်းမြေ့စွာ နေထိုင်သင်ကြားလေ့ကျင့်နိုင်ရေး၊ စားသောက်ရေးနှင့်ကျန်းမာရေးပါမကျန် အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် ဧပြီလ ၂၈ ရက်နေ့မှ စတင်၍ လေ့ကျင့်ရေးစခန်းများ ဖွင့်လှစ်ထားရှိပြီး တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကနှင့် ဆရာ ဆရာမများက ဘာသာရပ်အလိုက် စနစ်တကျ ပြန်လည်သင်ကြားပို့ချပေးလျက်ရှိရာ နိုင်ငံ၏အနာဂတ်သားကောင်းရတနာများဖြစ်သည့် ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အားများ မြင့်မားလာစေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်က ဤသို့ဆောင်ရွက်ပေးလျက်ရှိသဖြင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ အားတက်သရောရှိကြသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ ပထမအကြိမ် ကြိုးစားအားထုတ်ခဲ့ရမှုများ ပျက်စီးဆုံးရှုံးသွားသဖြင့် စိတ်မကောင်းဖြစ်ကြရသော်လည်း ဒုတိယအကြိမ် ပြန်လည်ဖြေဆိုရန်အတွက် လိုအပ်သည်များကို အဘက်ဘက်မှ လိုလေသေးမရှိ ကူညီဖြည့်ဆည်းပေးကြသဖြင့် စိတ်ဓာတ်မကျဘဲ ရှင်လန်းအားတက်ကြပြီး အစွမ်းကုန်ကြိုးစားဖြေဆိုနိုင်ကြလိမ့်မည်ဟု ယုံကြည်သည်။ ကျောင်းသား ကျောင်းသူများနှင့်၎င်းတို့၏ မိဘအုပ်ထိန်းသူများအနေဖြင့် စာမေးပွဲအောင်မြင်ရေးအတွက်သာမက ထူးချွန်စွာအောင်မြင်ရေးအတွက် မျှော်လင့်ချက်နှင့် အခွင့်အလမ်းများရရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ မြေအုတ်တို့ပြိုရာတွင် ကျောက်အုတ်တို့ဖြင့် အစားထိုးသကဲ့သို့ ယခင်ကထက် ပိုမိုကြိုးစားအားထုတ်ကြပြီး မျှော်လင့်မထားသော သဘာဝဘေးအန္တရာယ်ကြောင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို အခွင့်အလမ်းအဖြစ် ထိရောက်စွာအသုံးချကာ ပြန်လည်ဖြေဆိုရမည့် တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲမရှိ အောင်မြင်စွာ ဖြေဆိုနိုင်ကြမည်ဟု ယုံကြည်ပါကြောင်း။ ။

## အောင်လံမြို့၌ စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်းခြင်းဆောင်ရွက်

အောင်လံ မေ ၃

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် စုပေါင်းသွေးလှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းက အောင်လံမြို့ ပြည်သူ့ဆေးရုံ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းဦးဆောင်၍ သန္နေနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၆ ဦးက အောင်လံပြည်သူ့ဆေးရုံကြီးအတွင်း သန့်ရှင်းရေးလုပ်ငန်းများ၊ သွေးလှူဒါန်းခြင်းများဆောင်ရွက်ခဲ့ကြပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးလွင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းတို့က သွေးလှူဒါန်းသည့် သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အားဖြည့်မုန့်နှင့် အချိုရည်များပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**





## နတ်မောက်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

နတ်မောက် မေ ၃

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဒီပင်္ကရာစာသင်တိုက်၌ မေ ၃ ရက် နံနက်ပိုင်းက (၇၉)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန သန္နေအရန်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးငွေးမော်ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းအဖြစ် နတ်မောက်မြို့ ဒီပင်္ကရာစာသင်တိုက်အတွင်းရှိ ဘုရားစေတီပုထိုးများအားရေသပ္ပာယ်ခြင်း၊ ဘုရားပရိဝုဏ်အတွင်း ပေါင်းမြက်၊ အမှိုက်များရှင်းလင်းခြင်းနှင့် ဘုရားရင်ပြင်တော်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **လှဝင်း**

## ကျောက်ပန်းတောင်းမြို့နယ်မီးသတ်တပ်ဖွဲ့မှ ကြက္ခိုတံဘုရားတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျောက်ပန်းတောင်း မေ ၃

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနက မေ ၃ ရက်နံနက်ပိုင်းက စတ္တပါလဂူကျောင်းစာသင်တိုက်အနီးရှိ ကြက္ခိုတံဘုရားတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းမြင့်နှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ကြက္ခိုတံဘုရားဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် တန်ဆောင်းများအတွင်း ရေဆေးသန့်စင်ခြင်း၊ ဘုရားလုံးပတ်တော်နှင့် စိန်ဖူးတော်အား ရေသပ္ပါယ်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ပြီးခဲ့သည့် ရက်များတွင်လည်း(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မီးဘေးလုံခြုံရေး အသိပညာပေး



လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ သောက်သုံးရေလှူဒါန်းခြင်း၊ မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**

## ၃ - ၅ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၆၇၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**


ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၅-၂၀၂၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း နဂါးဘိလပ်မြေစက်ရုံ ကြည့်ရှုစစ်ဆေး



**နေပြည်တော် မေ ၃**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်၊ နောင်တယားမြို့နယ်ခွဲရှိ နဂါးဘိလပ်မြေစက်ရုံသို့ ရောက်ရှိစစ်ဆေးသည်။

**ကြိုးစားဆောင်ရွက်ရမည်**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြည်သူများ၏ တိုက်တာနေအိမ် အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ လမ်း၊ တံတားများ၊ ဘုရား၊ စေတီ၊ သာသနိက အဆောက်အအုံများများစွာ ပျက်စီးဆုံးရှုံးခဲ့သဖြင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဘိလပ်မြေများသည် အရေးတကြီး လိုအပ်လျက်ရှိကြောင်း၊ ဘိလပ်မြေစက်ရုံများအနေဖြင့် တပ်ဆင်စက်စွမ်းအားကို အပြည့်အဝ လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်စက်အရန်ပစ္စည်းများကိုလည်း ကြိုတင်ဝယ်ယူ ဖြည့်ဆည်းဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် စက်ရုံတိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း အမြန်ဆုံးစီမံဆောင်ရွက်ပြီး တင်ပြပေးရန်နှင့် လုပ်ငန်းများဆောလျင်စွာ စတင်နိုင်ရေးအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ စက်ရုံတိုးချဲ့၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ဒေသတွင်းရှိလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည့်အပြင် ဒေသလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်ရုံအနေဖြင့် စက်စွမ်းအားပြည့် လည်ပတ်၍ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်နိုင်ရေး အတွက် အခက်အခဲ၊ လိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်း တင်ပြပေးရန်နှင့် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကုန်ကြမ်းထုံးကျောက်များ တူးဖော်ထုတ်လုပ်နေမှု၊ ထုံးကျောက်များ ကြိတ်ခွဲနေမှု၊ ထုတ်လုပ်သည့် ဘိလပ်မြေများ အရည်အသွေးပြည့်မီစေရေးအတွက် စမ်းသပ်စစ်ဆေးနေမှု၊ ဘိလပ်မြေများ ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ ထုတ်လုပ်ပြီး ဘိလပ်မြေများ ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး အတွက် ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဒီဇယ် မက်ထရစ်တန် ၁၈၀၀၀ အား လွှဲပြောင်းလက်ခံ




**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေးမြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဒီဇယ် မက်ထရစ်တန် ၁၈၀၀၀ လွှဲပြောင်း လက်ခံခြင်းကို ယမန်နေ့နံနက်ပိုင်းက သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် Brighter Energy ဆိပ်ကမ်း၌ ပြုလုပ်သည်။

**လွှဲပြောင်းလက်ခံ**

ထိုသို့ လွှဲပြောင်းလက်ခံရာတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr. Ouyang Daobing၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ဒီဇယ်များကို ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးကိစ္စများတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ခွဲထက်ကို(ပြန်/ဆက်)**

# ဆင်သေလက်ယာမြောင်းမကြီးနှင့် လက်ဝဲမြောင်းမကြီးအတွင်းသို့ ရေခေါ်မြောင်းတူးဖော်၍ စိုက်ပျိုးရေပေးဝေ

နေပြည်တော် မေ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ဆင်သေရေလွှဲဆည်၏ လက်ဝဲမြောင်းမကြီး၊ လက်ယာမြောင်းမကြီးများမှတစ်ဆင့် လက်တံမြောင်းခွဲများသို့ ရေပို့လွှတ်နေမှု၊ ရေသောက်ဧရိယာအတွင်းရှိ နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများသို့ စိုက်ပျိုးရေပေးဝေနေမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဆည်ရေသောက်တောင်သူများနှင့် တွေ့ဆုံ၍ ဆင်သေဆည်ရေသောက်စနစ်အတွင်းရှိ နွေစပါးနှင့် နွေသီးနှံ လျာထားဧရိယာများအားလုံးသို့ စိုက်ပျိုးရေ အမြန်ဆုံးနှင့်အချိန်မီ ရောက်ရှိစေရေးအတွက် တောင်သူများကိုယ်တိုင်ကလည်း သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှု အနည်းဆုံးဖြစ်၍ စနစ်တကျ စီမံဆောင်ရွက်ကြရန်နှင့် တောင်သူများအားလုံး စိုက်ပျိုးရေကို မျှတစွာခွဲဝေသုံးစွဲကြရန် မှာကြားသည်။



ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆင်သေရေလှောင်တမံမှ ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါး/နွေသီးနှံ မူလလျာထား ဧက ၈၀၀၀ ကျော်ရှိရာ မန္တလေးလျှင်ကြီးအပြီး မေ ၂ ရက်အထိ ဧက ၇၀၀၀ ကျော် စိုက်ပျိုးရေပြန်လည် ပေးဝေနေပြီ ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့် ရေသောက်စနစ်များ ပျက်စီးထိခိုက်ခဲ့သဖြင့် တပ်ကုန်းမြို့နယ် ရှောက်ကုန်းကျေးရွာအနီးရှိ နွေစပါးစိုက်ခင်းများသို့ ဆည်ရေအချိန်မီမရောက်ရှိသည့်အတွက် သီးနှံအထွက်နှုန်း လျော့ကျမှုမရှိစေရေး လိုအပ်သည့်နည်းပညာများကို စိုက်ပျိုးရေးဦးစီးဌာနက တောင်သူစိုက်ကွင်းအရောက် ကွင်းဆင်းဖြန့်ဝေပေးကြရန်၊ မြေအောက်ရေနှင့် ဆိုလာတွင်းများအနီးရှိ စိုက်ကေများတွင် မိုးစပါးစိုက်ပျိုး၍ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံရေလိုအပ်ချက်အတိုင်း စိုက်ပျိုးရေပေးဝေရန်၊ နွေစပါးအပြင် အထွက်နှုန်းကောင်းသော စီးပွားဖြစ်သီးနှံများစိုက်ပျိုးနိုင်ရေး တောင်သူများကို မြေပုံနှင့်တကွ ရှင်းပြတိုက်တွန်း ပညာပေးဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး စိုက်ပျိုးရေပေးဝေနေမှုနှင့် နွေစပါးစိုက်ပျိုးထားရှိမှုများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များနှင့်အတူ တပ်ကုန်းမြို့နယ် ဆင်သေရေလွှဲဆည်သို့သွားရောက်၍ ရေလွှဲဆည် ပြန်လည်ပြုပြင်နေမှုနှင့် လက်ဝဲမြောင်းမကြီးမှ နွေစပါး၊ နွေသီးနှံများ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆောင်းသီးနှံ၊ နွေသီးနှံများအတွက် ရေလိုအပ်မှုအခြေအနေများကို စိစစ်ပြီး စိုက်ပျိုးရေတိုးမြှင့်ပေးဝေနိုင်ရေး စီမံဆောင်ရွက်ရန် မှာကြားသည်။ တပ်ကုန်းမြို့နယ် ညောင်လွန့်ကျေးရွာရှိ ဆင်သေရေလွှဲဆည် လက်ဝဲမြောင်းမကြီး လက်တံ(၅)မှ ရေပေးဝေမှုနှင့် နွေစပါးစိုက်ပျိုးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စခန်းသွင်း လေ့ကျင့်သင်ကြားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ကျောင်းအိပ်၊ ကျောင်းစား နေထိုင်မှုနှင့် ပတ်သက်၍ လိုအပ်သည်များ ပြည့်စုံစွာ ဖြည့်ဆည်းဆောင်ရွက်ပေးရေး၊ ဆရာ ဆရာမများနှင့် အုပ်ချုပ်ရေးပိုင်း တာဝန်ရှိသူများက စနစ်တကျ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးနိုင်ရေး တို့ကို မှာကြားပြီး စခန်းသွင်းလေ့ကျင့်နေသည့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် စားသောက်စရိတ်များ ပေးအပ်သည်။

ယင်းနောက် တပ်ကုန်းမြို့ ဘုရားနီ ဆုတောင်းပြည့်ကျောင်းတိုက်သို့ သွားရောက်၍ ကျောင်းထိုင် ဆရာတော်အား ဖူးမြော်ကြည်ညိုကာ နဝကမ္မ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျောင်းတိုက်အတွင်း ငလျင်ဘေးကြောင့် ပျက်စီးခဲ့သည့် နေရာများကို ကြည့်ရှုသည်။

**ပေးအပ်ခဲ့**

ထို့နောက် တပ်ကုန်းမြို့ ဘုရင့်နောင်ရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)သို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ စခန်းသွင်း လေ့ကျင့်သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများနှင့် စားသောက်စရိတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ **ကန့်ဘလူခရိုင်မှ**

လယ်ယာလုပ်ငန်းခွင်ဝင် တောင်သူလယ်သမားများ ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရေးကိုလည်း သက်ဆိုင်ရာဌာနဆိုင်ရာများ ပူးပေါင်း၍ ကြီးကြပ်ပေးခဲ့ကြောင်းနှင့် ကန့်ဘလူခရိုင်တွင် လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး ယမန်နှစ်ထက် ၅၇၈ ဧကပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးပြီးစီးမှု ရာခိုင်နှုန်းအနေဖြင့် ၁၀၈ ဒသမ ၉၁ ရာခိုင်နှုန်းရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ခံ ဒေါ်မာမာဝင်းက ပြောသည်။

ရာသီဥတုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ပြောင်းလဲလာသည့် ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးနည်းစနစ်များကို အသုံးပြုစိုက်ပျိုးလာကြသည်။ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက ရွှေဆည်ရင်၊ ရွှေသွယ်ရင် စပါးမျိုးများကို အများဆုံးစိုက်ပျိုးကြပြီး MR 9၊ GW 11 စပ်မျိုးစပါးများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

❐ **ရှေ့ဖုံးမှ**

ကြက်တူရွေးပဲကို တန်ဆောင်မုန်း၊ နတ်တော်လတို့တွင် စတင်စိုက်ပျိုးကြပြီး ကြက်သွန်စိုက်ခင်းများအတွင်း သီးထပ်/ သီးညှပ်အဖြစ် ထည့်သွင်းစိုက်ပျိုးကြောင်း၊ အစေ့တိုက်ရိုက် မြေချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်စေ့နှင့်တစ်စေ့ တစ်ပေအကွာ စိုက်ပျိုးကြောင်း၊ သုံးရက်ဖြင့် အပင်ပေါက်ကာ၊ အပင်ပေါက်ပြီး တစ်လခန့်ကြာလျှင် အဖူးအပွင့် စတင်ဖူးပွင့်ပြီး အသီးသီးကြောင်းသိရသည်။ ကြက်တူရွေးပဲသည် ရေကြိုက်သည့်အပင်ဖြစ်ကာ ကြက်သွန်နုတ်သိမ်းပြီးချိန် ကြက်တူရွေးပဲပင်များကို မြေဆွပေးသကဲ့သို့ ဖြစ်သဖြင့် အပင်ဖြစ်ထွန်းမှုကောင်းမွန်ကြောင်း သိရသည်။

**ဒီပါလင်း**

# ငလျင်ဘေးဒဏ်သင့်ဒေသရှိ ပြည်သူများအတွက် ပဲနို့အာဟာရ တိုက်ကျွေး

ရန်ကုန် မေ ၃

မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းချုပ်က ငလျင်ဘေးဒဏ်သင့်ဒေသရှိ ပြည်သူများအတွက် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး၊ ပညာပေးရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၈ ရက်မှစတင်၍ မန္တလေးနှင့် စစ်ကိုင်းမြို့တို့ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအား ပဲနို့အာဟာရ တိုက်ကျွေးရေးစီမံချက်အရ ပဲနို့အာဟာရများ တိုက်ကျွေးလျက်ရှိရာ လူဦးရေ ၁၀၀၀၀ ခန့်ကို တိုက်ကျွေးခဲ့ပြီးဖြစ်သည်။



**ကွင်းဆင်းလေ့လာ**

မေ ၂ ရက်က မန္တလေးမြို့ ချမ်းမြသာစည် လေဆိပ်အဟောင်းအနီးတွင် ပြုလုပ်ခဲ့သည့် ပဲနို့တိုက်ကျွေးခြင်း အစီအစဉ်တွင် မြန်မာနိုင်ငံ ငလျင်ဒဏ်သင့်ဒေသများသို့ ကွင်းဆင်းလေ့လာလျက်ရှိသော Earthquakes and Megacities Initiative (EMI) အဖွဲ့မှ နိုင်ငံခြားသားပညာရှင်များကလည်း မြန်မာနိုင်ငံ ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များ အသင်းချုပ်နှင့်အတူ ပါဝင်တိုက်ကျွေးခဲ့ကြသည်။

**မျိုးမင်းသူရ**

■

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# PENANG INVITATIONAL JICA JUDO CHAMPIONSHIP 2025 ပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့သည့် မြန်မာဂျူဒိုအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် မေ ၃

၂၀၂၅ ခုနှစ် ဧပြီ ၁၁ ရက်မှ ၁၃ ရက်အထိ မလေးရှားနိုင်ငံ ပီနန်းမြို့တွင် ကျင်းပခဲ့သည့် PENANG INVITATIONAL JICA JUDO CHAMPIONSHIP 2025 ပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့သည့် မြန်မာဂျူဒိုအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) ရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ၊ အောင်ပွဲရမြန်မာဂျူဒိုအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အောင်ပွဲရ မြန်မာဂျူဒိုအားကစားအဖွဲ့အနေဖြင့် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ၁၂ ခုတို့ကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများအပါအဝင် အားကစားသမားများကို မိမိတို့ဝန်ကြီးဌာနအနေဖြင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် အောင်မြင်မှုဆုတံဆိပ်များ ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိကြောင်း၊ အားကစားသမားများအနေဖြင့် ယခုရရှိထားသည့် အောင်မြင်မှုများနှင့် ကျေနပ်နှစ်သိမ့်မနေဘဲ လာမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြား နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အလားတူ အောင်မြင်မှုများရရှိအောင် အစွမ်းကုန် ကြိုးစားလေ့ကျင့်သွားကြရန်လိုကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အုပ်ချုပ်၊ လေ့ကျင့်၊ ထောက်ပံ့မှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာဂျူဒိုအသင်း၏ အဖွဲ့ခေါင်းဆောင် အင်းစိန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးအောင်မြင့်က ပြိုင်ပွဲသွားရောက်ယှဉ်ပြိုင်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့် အသက် (၁၂)နှစ်အောက် –36 kg ပြိုင်ပွဲ မှ မအိချစ်ဆုစံ၊ –70 kg မှ မယွန်းဝတီစိုး၊ –57 kg မှ မပိုးအိအိလွင်၊ +70 kg မှ မနန်းသဲနုနုစံနှင့် –55 kg မှ မောင်ထိုက်ထိုက်ကျော်တို့ကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က လည်းကောင်း၊ ငွေတံဆိပ်ဆုရရှိခဲ့ကြသည့် အသက်(၁၀)နှစ်အောက် –24 kg မှ မောင်သျှန်ကောင်းဆက်ပိုင်နှင့် –28 kg မှ မောင်ကောင်းကင်မင်းစစ်တို့ကို ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကလည်းကောင်း၊ –70 kg မှ မဖြိုးရွှေဇင်ကျော်နှင့် –32 kg မှ မောင်အောင်ဇေထက်တို့ကို ဒုတိယဝန်ကြီး ဦးထိန်လင်းက လည်းကောင်း၊ ကြေးတံဆိပ်ဆု ရရှိခဲ့ကြသည့် –38 kg မှ မောင်မြတ်ဘုန်းခန့်၊ –32 kg မှ မခေတ်စံနန်းထွဋ်၊ –81 kg မှ မောင်သန့်ဇင်ဝင်းအောင်၊ မြန်မာဂျူဒိုအသင်းအဖွဲ့ခေါင်းဆောင်နှင့် နည်းပြချုပ်တို့ကို မြန်မာနိုင်ငံဂျူဒိုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက လည်းကောင်း၊ မြန်မာဂျူဒိုအသင်း ဒိုင်လူကြီးနှင့် နည်းပြ နှစ်ဦးတို့ကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အောင်ပွဲရအားကစားသမားများ ကိုယ်စား အားကစားသမား မပိုးအိအိလွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားတက်ရောက်လာကြသူများကို ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါပြိုင်ပွဲတွင် ဥရောပနိုင်ငံများမှ ကလပ်အသင်းများအပါအဝင် အာရှနိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများမှ အားကစားသမား စုစုပေါင်းအင်အား ၅၃၀ အကြိတ်အနယ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာဂျူဒိုအသင်းအနေဖြင့် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် လေးခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ၁၂ ခုကို မြန်မာနိုင်ငံအတွက် ထိုက်ထိုက်တန်တန် ဆွတ်ခူးရယူပေးနိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၁)ကြိမ်မြောက် လှူဒါန်းသည့် Modular(prefabricated) house အလုံး ၃၄၀ လွှဲပြောင်းလက်ခံ

ရန်ကုန် မေ ၃

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မဏ္ဍလေးမြေငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၁)ကြိမ်မြောက် လှူဒါန်းသည့် စုစုပေါင်း တန်ချိန် ၁၃၅၅ တန်ရှိ Modular(prefabricated) house အလုံး ၃၄၀ တင်ဆောင်လာသည့် M/V DKILIOS သင်္ဘောသည် ယမန်နေ့ ညနေ ၄ နာရီ ၃၅ မိနစ်က သီလဝါ (MITT) ဆိပ်ကမ်းသို့ ရောက်ရှိသည်။




ထိုသို့ ရောက်ရှိလာသည့် Modular(prefabricated) house အလုံး၃၄၀ အား ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက တရုတ်သံရုံး စီးပွားရေးသံမှူး Mr. Ouyang Daobing ထံမှ သီလဝါဆိပ်ကမ်း၌ လွှဲပြောင်းလက်ခံသည်။

အဆိုပါ Modular (prefabricated) house အလုံး ၃၄၀ ကို M/V DKILIOS သင်္ဘောပေါ်မှ ကုန်တင်ကားပေါ်သို့ ကရိန်းဖြင့်ချနေသည့် အခြေအနေများကို လည်းကောင်း၊ ငလျင်ဘေးသင့် ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့် တင်ဆောင်နေသည့် အခြေအနေများကို လည်းကောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည် ကြည့်ရှုခဲ့ကြောင်း သိရသည်။ ဖွဲ့ထက်ကို(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အမှောင်မှ အမှောင်သို့မသွား၊ အမှောင်မှအလင်း အလင်းမှအလင်းသို့သာ

မိုးမြင့်

(ယမန်နေ့မှအဆက်)

## ငွေမျက်နှာတစ်ခုတည်းနှင့် သစ္စာမဲ့ခဲ့သည့် ဖောင်ဒေးရှင်းများ လော်ဘီများ

သို့သော် သူ၏ အတွေးအခေါ် ၊ လုပ်ပုံကိုင်ပုံနှင့် မြန်မာ့နိုင်ငံရေး၊ ဘာသာတရား၊ ယဉ်ကျေးမှုအပိုင်းနှင့်တော့ လိုက်လျောညီထွေမဖြစ်ခဲ့ပါ။ အတိုက်အခံကို ပိုအလေးသာစေသည့် ဒေါ်လာအလှူငွေကြောင့် မြန်မာ့နိုင်ငံရေးက ပိုရှုပ်သွားခဲ့ရပြီး နိုင်ငံလည်း ပျက်စီးသွားခဲ့ရခြင်းဖြစ်သည်။ ဒီမိုကရေစီအရေး ကူညီယောင်ပြ၊ မြန်မာ့လူ့အဖွဲ့အစည်းကို စနစ်တကျ သပ်လျှိုသွေးခွဲပြီး နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်း တစ်ရပ်လုံး လုံးဝပျက်စီးချုပ်ငြိမ်းသွားရေးသည်သာ အဓိကရည်မှန်းချက်ဖြစ်ကြောင်း သိသာပါသည်။

၁၉၉၄ ခုနှစ်ကတည်းကစခဲ့သည့် Burma Project မှမွေးထုတ်ခဲ့သည့် Scholar ကျောင်းသားအများစုသည် မြန်မာအစိုးရကို အတိုက်အခံလုပ်ရန်၊ မြန်မာပြည်ကို ဖြိုခွဲဖျက်ဆီးရန် အရင်းအမြစ်များသာဖြစ်ခဲ့သည်။ Burma Project ၏ ဌာနချုပ်က OSI (Open Society Institute) ဖြစ်ပြီး မြန်မာအပါအဝင် နိုင်ငံများရှိ NGO/INGO/ CSO/ Media များဆီ ဆိုးရော့စ်တို့သားအဖတည်ထောင်ထားသော Open Society Foundation မှတစ်ဆင့် တရားမဝင်ငွေကြေးများစီးဆင်းသည်ကို မြင်နိုင်ရပါမည်။

မြန်မာနိုင်ငံတွင်တော့ Open Society Myanmar ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း ဆိုးရော့စ်တို့ သားအဖအကြား ပြည်တွင်းကောပြည်ပမှာပါ စုစုပေါင်း ခြောက်ကြိမ်အထိ ဆက်သွယ်ဆက်ဆံမှုများ ရှိခဲ့သည်။ တရားမဝင်ငွေကြေးစီးဆင်းမှုဆိုသည်မှာ OSM ပဲဖြစ်ဖြစ်၊ OSF ပဲဖြစ်ဖြစ် နိုင်ငံတော်အစိုးရမသိဘဲ မြန်မာဘဏ်များတွင် နိုင်ငံခြားငွေအပ်ခြင်း၊ ထုတ်ယူခြင်းများသည် တရားမဝင်ပါ။ ပိုဆိုးသည်မှာ ထိုနိုင်ငံများက DCS (Disroyality Civil Servant) လှုပ်ရှားမှုနှင့် ပါဝင်ပတ်သက်မှုရှိခဲ့လျှင် ပိုဆိုးသွားနိုင်သည်။ ဤနေရာတွင် ၂၀၁၃ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် ပြည်တွင်း ပရဟိတလူမှုရေးဖောင်ဒေးရှင်းဖြစ်သော်လည်း နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုများရှိခဲ့ကြောင်း သိရှိခဲ့ရသည်။ ဘဏ်ရှင်းတမ်း အထုတ်အသွင်းမပြနိုင်ဘဲ ဖောင်ဒေးရှင်းမှ ငွေအားလုံး NUG မှ မိုးဇော်ဦးက မောင်ပိုင်စီးသွားခြင်းမှာ အဖျက်လုပ်ရပ်အတွက် အသုံးချမှုသဘောပင်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။





၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကြိုတင်ဆန္ဒမဲများကောက်ယူနေမှု မှတ်တမ်းဓာတ်ပုံများ။

ပြည်တွင်း၊ ပြည်ပ အလှူငွေစီးဝင်မှုနှင့် မူလရည်မှန်းချက် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအပိုင်းများနှင့် မသက်ဆိုင်သည့်အပိုင်းများတွင် သုံးစွဲမှုနှင့်ပတ်သက်၍လည်းကောင်း၊ နိုင်ငံတော်ပိုင်မြေနေရာသုံးစွဲမှုအပိုင်းများနှင့် ပတ်သက်၍လည်းကောင်း ဖောင်ဒေးရှင်းအပေါ် ဝေဖန်စရာများ ရှိခဲ့သည်။ ကမ္ဘာပေါ်တွင် အစိုးရအပေါ် တော်လှန်လှုပ်ရှားမှု အောင်မြင်မှုမှန်သမျှသည် အဖွဲ့အစည်းများက စိုက်ထုတ်ထောက်ပံ့သော ငွေကြေးအရင်းအမြစ်အပေါ် လုံးဝမူတည်ကြောင်းကို မြန်မာ Disroyality Civil Servant (DCS) ပြည်ဖျက်လှုပ်ရှားမှုကို ကြည့်၍သိနိုင်သည်။

ငွေမျက်နှာတစ်ခုတည်းကြောင့်သာ တိုင်းပြည်ပျက်စီးရေးစီမံကိန်းမှာ ပြည်သူကြိုက်အနုပညာရှင်များ၊ ပရဟိတအသင်းများ၊ Influencer များနှင့် မီဒီယာအသင်းအဖွဲ့များစွာက တက်တက်ကြွကြွ လော်ဘီလုပ်ကြခြင်းဖြစ်သည်။ နာမည်ကြီးအနုပညာရှင်များ၏ ဘဏ်အကောင့်များတွင် ဒေါ်လာသိန်းသောင်းချီ ထည့်ထားသည့် ငွေကျည်ဆန်ဒဏ်ကို သူသူကိုယ်ကိုယ် ဘယ်လိုလူစားမျိုးက ခံနိုင်မည်နည်း။ ဤသို့သော ငွေကြေးပမာဏက နိုင်ငံရှိသိန်းချီသော အလုပ်လက်မဲ့များအတွက် နေ့စား၊ လစားများအဖြစ် အလွန်တွက်ခြေကိုက်ခဲ့ကြမည်ဖြစ်သည်။ NLD အုပ်စုနှင့် အကျွမ်းတဝင်ဖြစ်သွားသည့် အစိုးရအရာထမ်းတချို့ဆိုလျှင်လည်း နောင် NLD အစိုးရဖြစ်လာသည့်အခါ ကျွဲကူးရေပါရလာနိုင်သည့် ရာထူးဂုဏ်ရှိန်၊ ပေါ်လာနိုင်သည့် ကိုယ်ကျိုးစီးပွားအနုဂ္ဂများစွာ ဆုံးရှုံးသွားရသည်ကို အနာဂတ်ပျောက်ပါပြီဆိုပြီး နိုင်ငံအဖျက်အမှောင့်လုပ်ငန်းတွင် စိုက်လိုက်မတ်တတ် ဆက်မိုက်ကြတာလည်း တွေ့ရသည်။

> ❝ယခုအချိန်မှာတော့ နောက်ဆက်တွဲအကျိုးဆက်များကို ဆက်လက်ခံစားလျက်၊ အသစ်အသစ်သော ထိုးနှက်ချက်များစွာကို ရင်ဆိုင်ဖြေရှင်းလျက် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးကို မနည်းပြန်လည်တည်ဆောက်နေရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ရွေးကောက်ပွဲမတိုင်မီအမှားများမှ ယနေ့ကာလ နောက်ဆက်တွဲအမှားများအဖြစ် CRPH၊ NUG တို့၏ဒဏ်ကို ဆိုးဆိုးရွားရွားခံစားနေရသည့် ပြည်သူတို့၏ အတွေ့အကြုံများ၊ သင်ခန်းစာများသည် မိမိတို့ပြောင်းလဲလိုသော အပြောင်းအလဲတိုင်း၏ အခြေခံပင်ဖြစ်❞

## အကြောင်းကြောင့်အကျိုးဖြစ်ရသည်သာ

မည်သို့ဆိုစေ အရာရာတိုင်းသည် အကြောင်းကြောင့် အကျိုးဖြစ်ရသည်ချည်းပင်။ သူတို့ဘာကြောင့် ဒီလိုလုပ်ခဲ့ကြသလဲ၊ အကျိုးရှိလို့သာလုပ်ကြမည်ဖြစ်သည်၊ အကျိုးမရှိဘဲနှင့်တော့ လုပ်ကြမည်မဟုတ်။ နောက်ဆုံး အန္တိမရည်မှန်းချက်သည် တရုတ်နိုင်ငံကို ဝိုင်းပတ်ပိတ်ဆို့ချေမှုန်းရေးဟုဆိုလျှင် ယခုလို အိမ်နီးချင်းမြန်မာနိုင်ငံကို မတည်မငြိမ်ဖြစ်အောင်၊ စစ်မြေပြင်ဖြစ်အောင် လုပ်ထားပြီး အလုံးစုံပျက်စီးရေး (Totally Collapse) သည် တရုတ်နိုင်ငံကို ပျက်စီးစေလိုသူများ၏အစီအမံမှ အဆင့်တစ်ခုဖြစ်ပါလိမ့်မည်။ မြန်မာနိုင်ငံ ပြိုကျပျက်စီးရေးအတွက်ဆိုလျှင် လူထုအုံကြွ၊ ဆန္ဒပြတော်လှန်ခိုင်းပြီး လူထုနှင့် တပ်မတော်ကို ရန်တိုက်ပေးသည်က ပထမအဆင့်၊ လိုအပ်လျှင် ပြည်တွင်းလက်နက်ကိုင်များနှင့် တပ်မတော်ကို စစ်တိုက်ခိုင်းပြီး ထပ်မံလိုအပ်ပါက R2P လို ပြည်ပကျူးကျော်စစ်အထိ အစီအစဉ်များ ရှိခဲ့မည်ဖြစ်သည်။

ဤသို့အစီအစဉ်များအတွက် ICJ ၌ War Crime တရားခံအဖြစ် တပ်မတော်ကိုအပြစ်ပုံချနိုင်ငံရေးကစားခဲ့ပုံများကို သတိရဆင်ခြင်နိုင်ရန် လိုအပ်ပါသည်။ ထို့အတွက်လည်း မဲမသမာမှုများ လုပ်ခဲ့ရသည်။ နိုင်ငံပျက်စီးကိန်းကို သိသိကြီးနှင့် အနောက်အုပ်စုနှင့် ဂျော့ဆိုးရော့စ်တို့ ဖြစ်ချင်သည့်အတိုင်း လုပ်ခဲ့ကြခြင်းဖြစ်သည်ဟုပင် ဆိုချင်သည်။ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခဲ့ကြပြီး နိုင်ငံအပေါ် သစ္စာဖောက်ခဲ့ကြခြင်းပင်ဖြစ်သည်။

ဒေါ်လာသန်းချီ နိုင်ငံခြားငွေ အရှုပ်တော်ပုံနှင့် အလွဲသုံးစား အဂတိများဖြစ်ခဲ့ပြီး နိုင်ငံလုံခြုံရေးစည်းများကျိုးပေါက်ခဲ့ရခြင်း၊ ဘာသာ၊ သာသနာအကျိုးဆုတ်ယုတ်ပျက်စီးရပြီး ပြည်သူလူထုအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲခဲ့ရခြင်း၊ နောက်ထပ်အဆိုးတစ်ခုက နိုင်ငံအချို့နှင့်ဆက်ဆံရေးပျက်ပြားပြီး ယုံကြည်မှုနည်းလာကာ ရရှိပြီးသား ဆုတံဆိပ်များ ပြန်လည်ရုပ်သိမ်းခံရသည်အထိ ခေါင်းဆောင်ပုံရိပ်ကျဆင်းခဲ့ရခြင်းတို့ကို လက်ရှိအဆိုးများ၏ အကြောင်းတရားများအဖြစ် မှတ်ယူနိုင်ပါသည်။





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အမိန့်ညွှန်ကြားချက်(၁/၂၀၁၄)နှင့် (၁၇၃/၂၀၂၀) တို့ကို ဖောက်ဖျက်၍ ပျော်ဘွယ်မြို့နယ် ကျီရွာအုပ်စုတွင် ဘာသာရေးအဆောက်အအုံအား မဲဆွယ်စည်းရုံးရာ၌ အသုံးပြုခြင်း၊ ဘာသာရေးကို အကြောင်းပြု၍ ထောက်ခံဆန္ဒမဲပေးရန် တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်းမှတ်တမ်းဓာတ်ပုံများ။

စာမျက်နှာ ၇ သို့ ❍

○ စာမျက်နှာ ၆ မှ

ယခုအချိန်မှာတော့ နောက်ဆက်တွဲ အကျိုးဆက်များကို ဆက်လက်ခံစားလျက်၊ အသစ်အသစ်သော ထိုးနှက်ချက်များစွာကို ရင်ဆိုင်ဖြေရှင်းလျက် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးကို မနည်းပြန်လည်တည်ဆောက်နေရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ရွေးကောက်ပွဲမတိုင်မီအမှားများမှ ယနေ့ကာလ နောက်ဆက်တွဲအမှားများအဖြစ် CRPH၊ NUG တို့၏ဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေရသည့် ပြည်သူတို့၏ အတွေ့အကြုံများ၊ သင်ခန်းစာများသည် မိမိတို့ပြောင်းလဲလိုသော အပြောင်းအလဲတိုင်း၏ အခြေခံပင်ဖြစ်သည်။

အနာဂတ်မြန်မာနိုင်ငံရေးက ၁၉၈၈ တုန်းကလို၊ ၂၀၂၁ နောက်ပိုင်းကာလများကလို လှိုင်းကြီးလေထန်လို့ဖြစ်ပါ့မလား၊ ယခုအချိန်မှာ အလေးထားစဉ်းစားကြရတော့မည်ဖြစ်သည်။ မှားခဲ့သည့်သမိုင်းတွင် အမှားလုပ်ခဲ့သူများကို ထားရစ်ခဲ့စေချင်ပြီး သိလျက်နှင့် မှားတာဖြစ်ဖြစ်၊ မသိ၍ မှားတာပဲဖြစ်ဖြစ် ခါးသီးမှုတွေထပ်ကြုံရမည်ကို အားလုံးက ကြောက်ရွံ့နေကြပါပြီ။ တစ်စစီပျက်စီး၊

**❝ ၂၀၂၀ မတိုင်မီအခြေအနေမျိုးက မရှိသင့်တော့သလို ၂၀၂၁ နောက်ပိုင်းအခြေအနေဆိုးများကိုလည်း ဆက်လက်မခံစားချင်ကြတော့ပါ။ တစ်ချိန်လုံး စစ်ဖြစ်မည့်အရေး ဖန်တီးနေ၍မဖြစ်ဘဲ နိုင်ငံအေးချမ်းမည့်အရေး၊ တိုးတက်မည့်အရေး ရှေးရှုသူများလက်ထဲ အာဏာအပ်နှင်းနိုင်ရေး အရေးကြီးလာပါပြီ။ ပြည်သူလူထုကိုယ်တိုင်ကလည်း အတွေးအခေါ်နည်းပြီး မြှောက်ပေးတိုင်း ကြွတက်သူများ မဖြစ်သင့်တော့ပါ ❞**

အလုံးစုံပျက်စီးမှုမှတစ်ဆင့် နိုင်ငံပျောက်လျှင် လူမျိုးပါပျောက်၊ ဘာသာပါပျောက်မည်ကို ကျွန်တော်တို့မြန်မာများ တွေးပူသင့်ပါပြီ။

ဆီးရီးယားနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့၏ အခြေအနေများကိုကြည့်၍ မြန်မာနိုင်ငံတော်ကြီးကို စစ်မြေပြင် မဖြစ်သင့်တော့ပါ။ နိုင်ငံကို စစ်မြေပြင်အဖြစ်မခံဘဲ ကျရှုံးနိုင်ငံဖြစ်မည့်အရေးမှ ကယ်တင်နိုင်ရန် ကြိုးစားကြရပါမည်။ ၂၀၂၀ မတိုင်မီအခြေအနေမျိုးက မရှိသင့်တော့သလို ၂၀၂၁ နောက်ပိုင်းအခြေအနေဆိုးများကိုလည်း ဆက်လက်မခံစားချင်ကြတော့ပါ။ တစ်ချိန်လုံး စစ်ဖြစ်မည့်အရေး ဖန်တီးနေ၍မဖြစ်ဘဲ နိုင်ငံအေးချမ်းမည့်အရေး၊ တိုးတက်မည့်အရေး ရှေးရှုသူများလက်ထဲ အာဏာအပ်နှင်းနိုင်ရေး အရေးကြီးလာပါပြီ။ ပြည်သူလူထုကိုယ်တိုင်ကလည်း အတွေးအခေါ်နည်းပြီး မြှောက်ပေးတိုင်း ကြွတက်သူများ မဖြစ်သင့်တော့ပါ။

မြန်မာလူမျိုးအများစုကား တစ်ယောက်ယောက်က မြှောက်ပေးလျှင် ဖြစ်နိုင် ၏/ မဖြစ်နိုင်၏၊ သင့်၏ / မသင့်၏ ၊ မှန်/ မမှန် မစဉ်းစား၊ အုန်းသီးကို ဆီဆွတ်မြို့ချရန် ကြိုးစားသကဲ့သို့ အဆင်အခြင်မဲ့လွန်းသည့်စရိုက်များကို ဖျောက်ဖျက်သင့်ကြပြီဖြစ်သည်။ အထူးသဖြင့် လူငယ်များအတွေ့အကြုံနုနယ်ခြင်းနှင့် တက်ကြွမှုအပေါ် အသုံးချလွှမ်းမိုးခြင်းခံရနိုင်သည်ကို သတိပြုရန်လိုပါသည်။ အရေးကြီးသည့် နိုင်ငံ၏ Institution များအကြား အတ္တ၊ မာနများ ဘေးဖယ်၊ မထီမဲ့မြင်မပြု၊ အထင်သေးခြင်းများမရှိကြဘဲ နားလည်မှုနှင့်ဆက်ဆံရေးကောင်းတည်ဆောက်နိုင်ရန်သာ အရေးကြီးပါကြောင်း ပိုမိုသဘောပေါက်သင့်ကြပါပြီ။

အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရသော တပ်မတော်၏ တာဝန်ကို ပို၍ နားလည်သင့်ပါသည်။ လစ်ဘရယ်ဖြစ်ဖြစ်၊ ဒီမိုကရေစီဖြစ်ဖြစ် မိမိသာအမှန်၊ သူကအမှား၊ ဒီမိုကရေစီအခွင့်အရေးများ ပိတ်ပင်၊ မီဒီယာလွတ်လပ်ခွင့်များလျှော့ချ၊ တစ်ချိန်တွင် အာဏာရှင်သာဖြစ်သွားတတ်သည့် သဘောကိုလည်း နားလည်သဘောပေါက်ထားရန် လိုပါသည်။





လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦး၏ တရားမဲ့လုပ်ဆောင်ခဲ့သောမှတ်တမ်းဓာတ်ပုံ။

ကိုယ်ကျိုးစီးပွားဦးတည်လာသည့်အခါ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုသည်မှာ ပစ်ပယ်ခံရတတ်သည်ကို သင်ခန်းစာယူသင့်သည်။ လစ်ဘရယ်ဆန်သည့် ပရမ်းပတာဒီမိုကရေစီမျိုးထက် အမျိုးသားရေးဆန်သောဒီမိုကရေစီ (Nationalist Democracy) က မြန်မာတို့နှင့် ပို၍သင့်မည်လား တွေးမိသည်။ Nationalism ဆိုသည်မှာ Globalism နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ယခုခေတ်ဝင်ရိုးစုံဗဟု (Multipolar ) ကမ္ဘာကြီးတွင် Globalization မှ Regionalization ပြောင်းနေပုံအကြောင်း နိုင်ငံအကြီးအကဲ၏ ထောက်ပြပြောဆိုချက်မှတစ်ဆင့် သတိမူသင့်ကြပါသည်။

ကမ္ဘာတွင် American First မှစတင်၍ နေရာအချို့၌ အမျိုးသားနိုင်ငံရေးအားသန် နိုင်ငံခေါင်းဆောင်များ၊ ပါတီများ၊ အစိုးရများ တဖြည်းဖြည်းများလာနေကြောင်း သတိပြုရန်လိုပါသည်။ အမေရိကန်တို့၏ နိုင်ငံသားစိတ်ဓာတ် မပျောက်ပျက်အောင် ကာကွယ်စောင့်ရှောက်နေပုံကိုကြည့်၍ မိမိနိုင်ငံတွင်လည်း ကလေးသူငယ်မွေးစားခွင့်ကဲ့သို့ကိစ္စရပ်များ ထပ်မံမဖြစ်အောင် ကြိုးစားထိန်းသိမ်းပေးမည့်သူ များစွာလိုအပ်နေပါသည်။

မိမိအချုပ်အခြာကိုအဆုံးရှုံးခံမည့်၊ သူတစ်ပါးကျွန်ဖြစ်စေမည့် သစ္စာဖောက်များ နိုင်ငံရပ်ခြားအကျိုးအတွက် အဖွဲ့အစည်းထံ သစ္စာခံသူများ ထပ်မံမမွေးမိစေရန် လိုအပ်ပါသည်။ Lesson learned ထက် Study learned က ပိုကောင်းသည်ဖြစ်၍ သူများအတွေ့အကြုံမှ ကိုယ်တိုင်မျက်စိဖွင့်နားစွင့် ကိုယ်တိုင်လည်းလေ့လာ၊ ကိုယ်တိုင်လည်း ကြိုးစားလိုက်နာကြမှသာ အနာဂတ်နိုင်ငံသမိုင်းက ကြည်လင်လှပနေမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**❝ မြန်မာလူမျိုးအများစုကား တစ်ယောက်ယောက်က မြှောက်ပေးလျှင် ဖြစ်နိုင်၏/မဖြစ်နိုင်၏၊ သင့်၏ / မသင့်၏ ၊ မှန်/မမှန် မစဉ်းစား၊ အုန်းသီးကို ဆီဆွတ်မြို့ချရန် ကြိုးစားသကဲ့သို့ အဆင်အခြင်မဲ့လွန်းသည့်စရိုက်များကို ဖျောက်ဖျက်သင့်ကြပြီဖြစ်သည်။ အထူးသဖြင့် လူငယ်များအတွေ့အကြုံနုနယ်ခြင်းနှင့် တက်ကြွမှုအပေါ် အသုံးချလွှမ်းမိုးခြင်းခံရနိုင်သည်ကို သတိပြုရန်လိုပါသည်။ အရေးကြီးသည့်နိုင်ငံ၏ Institution များအကြား အတ္တ၊ မာနများ ဘေးဖယ်၊ မထီမဲ့မြင်မပြု၊ အထင်သေးခြင်းများမရှိကြဘဲ နားလည်မှုနှင့်ဆက်ဆံရေးကောင်း တည်ဆောက်နိုင်ရန်သာ အရေးကြီးပါကြောင်း ပိုမိုသဘောပေါက်သင့်ကြပါပြီ ❞**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၃

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အင်းဝတံတား(စစ်ကိုင်း)ကို ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်ရေးအတွက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း(MEC)မှ ဦးဆောင်ပြီး အင်းဝတံတား(စစ်ကိုင်း) သံပေါင်များ ဆယ်ယူနေမှုများကို ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကြသည်။ ထို့နောက် Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူ ၁၂၈၀ အား စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက ဘာသာရပ်အလိုက် သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီ၊ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၊ ပိုးတန်းရပ်ကွက်ရှိ ဘေသဇ္ဇကျောင်းတိုက်၊ ထွင့်ခေါင်ရပ်ကွက်ရှိ ရတနာထွင့်ခေါင်စေတီ၊ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီနှင့် မဟာစေတီလှတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် အရန်စေတီများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင် ပြည်သူများနှင့် စေတနာရှင် ကုမ္ပဏီများက ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက အခြေခံစားသောက်ကုန်များ ပေးအပ်ပြီး ကျောင်းဆောင်အတွင်း သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းနေမှုတို့ကို လည်းကောင်း၊ စစ်ကိုင်းမြို့ နန်းဦးမြို့သစ်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး ထုံးဘိုရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့် ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်းသို့ သွားရောက်၍ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများက မန္တလေးမြို့ မန္တလေးတောင်တော်သို့ သွားရောက်၍ မန္တလေးတောင်တော် ဆုတောင်းပြည့် မြတ်စွာဘုရားအား ဖူးမြော်ပြီး ပန်း၊ ရေချမ်းများ ဆက်ကပ်ပူဇော်သည်။ ယင်းနောက် ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မွန်းတည့်သိမ်ဘုရား ပြုပြင်နေမှုအခြေအနေများ၊ စန္ဒာမုခိဘုရား ပြုပြင်နေမှုအခြေအနေများ၊ ဆုတောင်းပြည့်ဘုရား ရင်ပြင်တော်ရှိ ဂန္ဓကုဋီတိုက်ပြုပြင်နေမှု၊ အမိုးခုံးတိုင်များ ပြုပြင်နေမှု၊ ဓာတ်လှေကား၊ စက်လှေကားများ ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**မှာကြား**

ထို့နောက် အရှေ့ဘက်စောင်းတန်းရှိ ဓာတ်တော်တိုက်နေရာ၊ မြတ်စောညီနောင် ဘုရားနှင့် ရသေ့ကြီးဦးခန္တီသီတင်းသုံးသော မဏ္ဍပ်နေရာ၊ နှစ်ကျိတ်ရှစ်ဆူဘုရား၊ ဗျာဒိတ်ပေးရပ်ပွားတော်မြတ်ကြီး နေရာများသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားရန် တို့ကို မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့ သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်း လုပ်ငန်းတိုးတက်မှု အခြေအနေများကို သွားရောက်ကြည့်ရှု၍ လုပ်ငန်းခွင် အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ် ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**စာမျက်နှာ ၉ သို့** ✪



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ ကျောက်သေတ္တာစေတီနှင့်ပတ်သက်၍ ကျောက်သေတ္တာကြီး မူလအခြေအနေမှတိမ်းစောင်းသွားမှုအခြေအနေ Video Clip မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံတို့ စစ်ကိုင်းပညာရေးတက္ကသိုလ်၌ G-12 စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသားကျောင်းသူများအား ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ ဆုတောင်းပြည့်ဘုရားပရိဝုဏ်အတွင်း ပြန်လည်ပြုပြင်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် အမရပူရမြို့နယ် မဟာဝိဇယရံသီပုထိုးတော်မြတ်ကြီးပရိဝုဏ်အတွင်း ပြန်လည်ပြုပြင်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

# စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များအတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၄ ရက်မြောက်အဖြစ် ဈေးကားခုနစ်စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိသည်။



မတ် ၃၀ ရက်မှ မေ ၃ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ ဥပ္ပါတသန္တိဘုရားပရိဝုဏ်အတွင်းရှိ လုံခြုံရေးဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ လယ်ဝေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန်ခြောက်ပြည်ပါ (မနောသုခ– Export Quality) ၁၀၁၉၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၃၇၅ အိတ်၊ ဆီပိဿာ ၃၄၃၂၀၊ ဆား ၁၅၂၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၅၅၄ ထုပ်၊ ငါးပိ ၃၀၁ ပိဿာ၊ ကြက်သားအကောင် ၂၅၀၊ ဝက်သား ပိဿာ ၂၀၊ အမဲသား ၂၅ ပိဿာ၊ ကြက်ဥအလုံး ၈၆၂၀၊ ဘဲဥအလုံး ၂၂၈၀၊ ငုံးဥအလုံး ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပြဲခြောက်များ၊ ငါးကြင်းပိဿာ ၉၀၊ ငါးတန်ပိဿာ ၉၀၊ ငါးမုတ်ပိဿာ ၇၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူ စသည့်ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၁၁ အိတ်၊ စားအုန်းဆီ ၄၈၉၃ ပိဿာ၊ ဆား ၇၃ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၇၄ ထုပ်၊ ငါးပိ ၂၃ ပိဿာ၊ ကြက်သွန်နီ ၅၇၃ ပိဿာ၊ အသားတု ၂၇ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုဇွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၆၂၉ အိတ်၊ စားအုန်းဆီပိဿာ ၆၁၆၀၀၊ ဆား ၅၅ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၁ ထုပ်၊ ငါးပိ ၂၁ ပိဿာ၊ ငါးနီတူခြောက်၊ အာပြဲခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၃

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ်ခြောက်ခုတို့တွင် ဧပြီ ၃ ရက်အထိ သေဆုံးသူ ၃၇၇၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၉၃ ဦးရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၈၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၂ ရက် ညနေ ၅ နာရီမှ မေ ၃ ရက် ညနေ ၅ နာရီအတွင်း ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းက ထောက်ပံ့ပေးသည့် ကလေးအသုံးအဆောင်ပစ္စည်းများ သုည ဒသမ ၇၇၇ တန်၊ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး United Nations High Commissioner for Refugees (UNHCR) ကထောက်ပံ့ပေးသည့် မီးဖိုချောင်သုံးပစ္စည်းများ ၁၀ ဒသမ ၁ တန်နှင့် မြန်မာ–ထိုင်ဝမ်ကုန်သည်ကြီးများအသင်းက ထောက်ပံ့ပေးသည့် ရွက်ဖျင်တဲနှင့် အဝတ်အထည် ၁ ဒသမ ၃၄၉ တန် ရောက်ရှိခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံး ခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား သင်ကြားမည့် ဆရာ ဆရာမများကို တက္ကသိုလ်များမှ ပါမောက္ခများက လာရောက်ပို့ချ

နေပြည်တော် မေ ၃

ပြည်ထောင်စု နယ်မြေ နေပြည်တော်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအားသင်ကြားမည့် ဆရာ ဆရာမများကို တက္ကသိုလ်များမှ ပါမောက္ခများက လာရောက်ပို့ချသည့် (TOT)သင်တန်းအား အထက(၅)နှင့်အထက(၆) ဇမ္ဗူသီရိမြို့နယ်တွင် မေ ၂ ရက်မှ ၄ ရက်အထိ ကျင်းပလျက်ရှိသည်။



လာရောက် ပို့ချသော Naypyitaw State Acadamy၊ ပုသိမ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ ပဲခူးတက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခကြီးများအားကြိုဆိုပွဲကို ဇမ္ဗူသီရိမြို့နယ် အထက(၅)၌ မေ ၂ ရက်က ကျင်းပသည်။

### အနီးကပ်ပို့ချသွားမည်

TOT သင်တန်းသုံးရက် ပြီးစီးပါက မေ ၅ ရက်မှ ၇ ရက်အထိ နေပြည်တော် ရှစ်မြို့နယ်သို့ ပါမောက္ခကြီးများ ကိုယ်တိုင်သွားရောက်ကာ ကျောင်းသားကျောင်းသူများအား သုံးရက်တာ အနီးကပ်ပို့ချသွားမည် ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

✪ စာမျက်နှာ ၈ မှ

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အနောက်ထီးလင်းတိုက်၊ အမရပူရမြို့နယ်ရှိ မဟာဝိဇယရံသီ ပုထိုးတော်မြတ်ကြီး မြတ်စွာဘုရား၊ ကျောက်တော်ကြီးမြတ်စွာဘုရားနေရာများရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများဆောင်ရွက် နိုင်ရေးတို့အတွက် တာဝန်ရှိသူများကို မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ အလက(၂၀)သို့ သွားရောက်ပြီး ငလျင်ဒဏ်သင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုများနှင့် ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ ကျောက်သေတ္တာစေတီနှင့်ပတ်သက်၍ ကျောက်သေတ္တာကြီး မူလအခြေအနေမှ တိမ်းစောင်းသွားမှု အခြေအနေ၊ လက်ရှိတည်ရှိနေမှု အခြေအနေများကို ဒရုန်းဖြင့်ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများကို အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာကောင်စီမှ ပြန်လည်ပေးပို့လာသော ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ် ဆွေးနွေးကြသည်။

ထို့နောက် ကျောက်ဆည်မြို့ မင်းရဲဆည်မှ မင်းရဲမြောင်းနှင့် တမုတ်မြောင်း တစ်လျှောက် ရေပေးဝေမှု အခြေအနေများ၊ ဆည်ပေါင်မြေထိန်းနံရံ ပျက်စီးမှုအခြေအနေများ၊ မင်းရဲမြောင်းနှင့် တမုတ်မြောင်းတစ်လျှောက် မြောင်းမြေထိန်းနံရံ ကြံ့ခိုင်မှုအခြေအနေများနှင့် ဇော်ဂျီမြစ်မြေထိန်းနံရံများ မိုးမကျမီ ပြန်လည်ပြုပြင် ဆောင်ရွက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံနှစ်လုံးကို စက်ယန္တရားဖြင့် ရှင်းလင်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင် အတွင်း ငလျင်ဒဏ်သင့် အဆောက်အအုံများကို SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၅၆၀၇ လုံး စစ်ဆေး ဆောင်ရွက်ခဲ့သည်။ ပြန်လည်ပြုပြင် နေထိုင်နိုင်မည့် အဆောက်အအုံ ၅၃၂၃ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၈၄ လုံးအနက် အဆောက်အအုံ ၂၁၉ လုံးကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့သည်။ ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၆၅ လုံးရှိကြောင်း သိရသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် ရှမ်းကန် ကျေးရွာအုပ်စုရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေး ဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)သို့ သွားရောက်စစ်ဆေးပြီး ပျက်စီးသွားသော စာသင်ဆောင်များကို အမြန်ပြုပြင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနသို့ အမြန်ဆုံးတင်ပြ၍ လမ်းညွှန်မှု ခံယူသွားရန်၊ သင်ထောက်ကူ ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းနေမှု ကြည့်ရှုအားပေး



ထားဝယ် မေ ၃

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၁၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀) ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက မီးသတ်တပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို လိုက်လံကြည့်ရှုအားပေးပြီး အားဖြည့်ဆေးဝါးများနှင့် အာဟာရဖြည့်အစားအစာများကို ပေးအပ်ခဲ့သည်။

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များမှ သန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်း၊ စုပေါင်းသွေးလှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်း

ညောင်ဦး မေ ၃

(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းခြင်း အခမ်းအနားကို မေ ၃ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့်အဖွဲ့ဝင်များ၊ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်မြင့်ထွန်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမင်းသိမ်းထွန်းတို့ တက်ရောက်အားပေးပြီး ခရိုင်/ မြို့နယ်/ နယ်မြေမီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၈ ဦးတို့ သွေးလှူဒါန်းခဲ့ကြသည်။

ဒီပါလင်း



(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လက်ပံတန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဆောင်၍ မြို့နယ် သန္နေနှင့်အရန် မီးသတ်တပ်ဖွဲ့ဝင်များ မေ ၃ ရက် နံနက်ပိုင်းက မင်းရပ်ရပ်ကွက် ဇိနမာရ်အောင်မြတ်ဘုန်းရောင်စေတီမြတ်ရင်ပြင်တော်နှင့် ဘုရားပရိဝုဏ်အတွင်း ရေသပ္ပာယ်ခြင်း၊ အမှိုက်ချုံနွယ်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)





ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကောင်းထက်နိုင်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက မေ ၃ ရက် နံနက်ပိုင်းတွင် နတ်ရေတွင်းဘုန်းတော်ကြီးကျောင်းအတွင်း အမှိုက်များ ရှင်းလင်းခြင်း၊ ဘုရားပန်းများ ကပ်လှူပူဇော်ခြင်းနှင့် ဘုရားရင်ပြင်တော် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# သတိ၊ သစ္စာ၊ သတ္တိ စဉ်မြဲရှိတဲ့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

စိန်ငွေးလှိုင်

**ရန်သူမျိုးငါးပါးအနက် မီးဆိုသည်မှာ အဆိုးရွားဆုံးရန်သူဖြစ်သည်။ "သူခိုးခိုး၍အားလုံးမပြောင်၊ မီးခိုးလျှင်အားလုံးပြောင်"ဟူသောဆိုရိုးစကားအရ သူခိုးခိုးလျှင် ပစ္စည်းဥစ္စာအားလုံးဆုံးရှုံးခြင်းမရှိပါ။ မီးလောင်ပါကပစ္စည်းဥစ္စာအားလုံး ဆုံးရှုံးရသည်။ မီးဘေးအန္တရာယ်သည် မည်သူ့ကိုမျှ ညှာတာထောက်ထားခြင်းမရှိပေ။ မီးဆိုသည်မှာ သုံးတတ်လျှင် မိတ်ဆွေဖြစ်ပြီး မသုံးတတ်လျှင် ရန်သူဖြစ်တတ်ရာ ရန်သူနှင့်တူသောမီးကို သတိပြုသင့်ပါသည်။**

ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများတွင် ခေတ်မီအဆောက်အအုံနှင့်စက်ရုံများ မီးဘေးအန္တရာယ်ကာကွယ်ရေးတွင်အရေးပါလာသည်ကို သတိထားမိလာကြသည်။ ထို့ကြောင့် နိုင်ငံတိုင်းတွင် မီးသတ်တပ်ဖွဲ့ကို မဖြစ်မနေဖွဲ့စည်းထားမြဲဖြစ်သည်။ ကမ္ဘာပေါ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များ၏ တူညီသောလုပ်ဆောင်ချက်မှာ မိမိနိုင်ငံ၏ မီးဘေး၊ သဘာဝဘေးကျရောက်လာလျှင် တားဆီးကာကွယ်ခြင်းနှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ခြင်းတို့ပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တို့ဖြစ်ပေါ်သည်နှင့် ပြည်သူများကိုကာကွယ်ပေးမှုတွင် သန္ဓေ၊ အရန်နှင့် သီးသန့်မီးသတ်တပ်ဖွဲ့ဝင်များက တစ်တပ်တစ်အားပါဝင်လျက်ရှိသည်။ မီးသတ်တပ်ဖွဲ့ဆိုသည်မှာ ပုဂံခေတ်ကတည်းကပင် စနစ်တကျပေါ်ပေါက်လာခဲ့သည်။ "သောသောညံ၊ ပုဂံမီးဆော်မောင်း"ဆိုသည့်လင်္ကာအရ ပုဂံခေတ်တွင် မီးတပ်သားပေါင်း ၆၆၃ ဦးဖြင့် ခရစ်နှစ် ၁၀၄၄ ခုနှစ်၌ မီးသတ်တပ်ဖွဲ့ကိုဖွဲ့စည်းခဲ့သည်။ အလောင်းမင်းတရားကြီးလက်ထက်မြန်မာသက္ကရာဇ် ၁၁၁၉ ခုနှစ် တပေါင်းလဆန်း ၁ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် အမိန့်တော်၌ "ထမင်းချက်ပြုတ်သည်မှာလည်း ကျင်းစောက်သုံးတောင်ပြည့်တူး၍ ချက်ချိန်ကိုသာချက်စေ။ နံနက်လေးချက်တီးကျော်သုံးမောင်းတွင် ချက်ပြုတ်၍ မီးသေငြိမ်းစေ။ ညသုံးချက်တီးကျော် နှစ်မောင်းတွင် မြို့ဝန်တို့ မောင်းခတ်လျှင် ထမင်းချက်စေ။ ၎င်းသုံးချက်တီးကျော်ခုနစ်မောင်းကို မီးသေငြိမ်းစေ။ ချက်ပြုတ်ချိန်မောင်းခတ်သည့်အချိန်အတွင်းက လွန်သည့်အချိန်တွင် တစ်အိမ်မျှ မီးပွား၊ မီးပေါက်မရှိစေနှင့်။ မီးကျင်းတွင်မီးဆော်တို့ အမှိုက်၊ ကြက်မွေးနှင့်ထိုးစမ်းသပ်စေ။ သေငြိမ်းသည့်ကာလဖြစ်လျက် မသေမငြိမ်း၊ စမ်းသပ်သည့်အမှိုက်၊ ကြက်မွေးကိုစွဲလောင်လျှင်အိမ်ရှင်ကိုခေါ်၍ မြို့ရုံးမှာ အပ်ရမည်။ လမ်းခရီးကိုလည်း ဆေးတံသောက်၍ မသွားလာစေနှင့်။ သွားလာလျှင် ဆေးအိုးဆေးတံကို လုယူသိမ်းထားရမည်။ မီးဆော်တို့တစ်နေ့ငါးကြိမ် လှည့်ပတ်စစ်ကြောစေ" ဟူ၍ပါရှိခဲ့သည်။ ထို့ပြင် မုခ်နှင့် မြို့ရိုးများတွင် မျှော်စင်ငယ်များ ဆောက်လုပ်ပြီး မြို့စောင့်တပ်ဖြင့် မီးဘေးလုံခြုံရေးကိုတင်းကျပ်စွာ ဆောင်ရွက်ခဲ့ကြောင်း လေ့လာသိရှိရသည်။

၁၈၇၄ ခုနှစ်တွင် ဗြိတိသျှအစိုးရက မြူနီစီပယ်အက်ဥပဒေကို ရေးဆွဲခဲ့ပြီး ၁၈၈၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ရန်ကုန်မြို့၌ မြူနီစီပယ်မီးသတ်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ၁၈၈၄ ခုနှစ်တွင် မြူနီစီပယ်အက်ဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့ပြီး ရန်ကုန်မြို့တွင် ရေနွေးငွေ့သုံးမီးသတ်ယာဉ်၊ မီးသတ်စက်နှင့် လက်နှိပ်ပန့်များကိုအသုံးပြုခဲ့သည်။ ၁၉၁၂ ခုနှစ်တွင် ရန်ကုန်မြို့၌ ဗဟိုမီးသတ်အဆောက်အအုံကို သံဖရိန်ဖြင့် တည်ဆောက်ခဲ့သည်။ ထိုအဆောက်အအုံသည် အင်္ဂလန်နိုင်ငံ အက်ဒ်ဝပ်ဘုရင်ခေတ်၏ ဗိသုကာလက်ရာကောင်းများပါဝင်လျက်ရှိရာ ရန်ကုန်မြို့ပြအမွေအနှစ်အဖြစ် အပြာရောင်ကမ္ပည်းကတ်ပြားကို တပ်ဆင်နိုင်ခဲ့သည်။



မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ ကယ်ဆယ်ရေးလုပ်ငန်းအတွက် သရုပ်ပြလေ့ကျင့်နေစဉ်။

## နှစ်စဉ် နှစ်တိုင်း ကျင်းပ

၁၉၃၂ ခုနှစ်တွင် စေတနာ့ဝန်ထမ်းမီးသတ်အဖွဲ့အစည်းများကို အမြို့မြို့အနယ်နယ်၌ ဖွဲ့စည်းခဲ့ကြသည်။ ၁၉၄၆ ခုနှစ်မေလ ၅ ရက်နေ့တွင် ရန်ကုန်မြို့ ကန်တော်လေးဇိနတ် အစ္စလာမ်မိန်းကလေးကျောင်းခန်းမ၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကို ကျင်းပခဲ့သည်။ ထိုညီလာခံတွင် ခရိုင် ၁၉ ခုမှ ကိုယ်စားလှယ်ပေါင်း ၁၉၇ဦး တက်ရောက်ခဲ့ပြီး "မီးသတ်အစည်းအရုံးကြီး"ကို တည်ထောင်နိုင်ခဲ့သည်။ ညီလာခံကျင်းပခဲ့သည့် မေလ ၅ ရက်နေ့ကို "မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့" အဖြစ် သတ်မှတ်ခဲ့ရာမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားများ နှစ်စဉ် နှစ်တိုင်း ကျင်းပလျက်ရှိသည်။

ပညာရေးနှင့်ဒေသန္တရအုပ်ချုပ်ရေးအမိန့်အရ "မီးသတ်ဌာန"ကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် အရာထမ်း၊ အမှုထမ်း၂၁ ဦးဖြင့် ဖွဲ့စည်းခဲ့သည်။ ၁၉၅၂ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် မီးသတ်ဝန်ထမ်းအက်ဥပဒေ အမှတ်(၆)အား ပြဋ္ဌာန်းခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာနခွဲ နိုင်ငံတော်အစိုးရ မီးသတ်ဌာနကို ဝန်ထမ်း ၆၃၆ ဦးဖြင့် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် မီးသတ်တပ်ဖွဲ့ဥပဒေသစ်ကို ရေးဆွဲထုတ်ပြန်ခဲ့သည်။ ၁၉၇၂ ခုနှစ်တွင် ၂၄ နာရီ တာဝန်ထမ်းဆောင်သည့် မီးသတ်တပ်ဖွဲ့အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့လက်ထက်တွင် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလမှစတင်ကာ မီးသတ်ဦးစီးဌာန၏ ဖွဲ့စည်းပုံကိုတိုးချဲ့ခဲ့ပြီး ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လုပ်ငန်းတာဝန်များ လွှဲပြောင်းခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် ၁၉၉၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့တွင် ပြင်ဦးလွင်မြို့၌ ဗဟိုမီးသတ်သင်တန်းကျောင်းကို ဖွင့်လှစ်ခဲ့သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် "ပြည်ထဲရေးဝန်ကြီးဌာန" ကွပ်ကဲမှုအောက်သို့ ပြောင်းရွှေ့ခဲ့သည်။

မြန်မာနိုင်ငံမီးသတ်ဦးစီးဌာန လက်အောက်ရှိ မီးသတ်တပ်ဖွဲ့၏ ဆောင်ပုဒ်မှာ **"သတိ၊ သစ္စာ၊ သတ္တိ" ဖြစ်ပြီး "မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်း"** စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ပေးသည်။ သဘာဝဘေးအန္တရာယ် အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ရည်မှန်းချက်တာဝန်(၄)ရပ်မှာ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးတို့ဖြစ်ကြသည်။ မီးဘေးနှင့်သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ဖြေရှင်းရာတွင် လက်ရှိအခြေအနေနှင့် အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သည့် စိန်ခေါ်မှုများကို မျှော်မှန်းပြီး လူသားစွမ်းရည်၊ ပစ္စည်းကိရိယာစွမ်းရည်နှင့် နည်းပညာစွမ်းရည်တို့ဖြင့် ဟန်ချက်ညီညီ လည်ပတ်လျက်ရှိသည်။ မီးသတ်ပညာရပ်များကိုလည်း စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့်လျက်ရှိသည်။ ဗဟိုမီးသတ်သင်တန်းကျောင်းတွင် အခြေခံ၊ တန်းမြင့်၊ အဆင့်မြင့်၊ စခန်းမှူး၊ အဆင့်မြင့်အရာရှိ၊ အသက်ကယ်နည်းစနစ်၊ ရေကူး၊ အင်္ဂလိပ်စာ၊ ဆေးတပ်စု၊ ရေပြင်အသက်ကယ်၊ မီးသတ်တပ်စုမှူးလောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကွန်ပျူတာအခြေခံသင်တန်းများ ပို့ချလျက်ရှိသည်။ လေ့ကျင့်ရေးဌာနစု (ရန်ကုန်)မှဖွင့်လှစ်လျက်ရှိသော သင်တန်းများမှာစခန်းမှူး၊ အသက်ကယ်နည်းစနစ်၊ ရေကူးနည်းစနစ်၊ ရေပြင်အသက်ကယ်၊ အင်တာနက်နှင့် အီးမေးလ်၊ မြို့နယ်မှူးနှင့် စခန်းမှူးမွမ်းမံ၊ စက်ပြင်၊ လေယာဉ် မီးငြိမ်းသတ်ရေးနှင့် အသက်ကယ်နည်းစနစ်၊ ယာဉ်မောင်းနည်းပြသင်တန်းတို့ ဖြစ်ကြသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် မီးသတ်ပညာရပ်များ သုတေသနပြုလျက်ရှိသည်။ စင်ကာပူမြို့ပြကာကွယ်ရေးတပ်ဖွဲ့မှ ကျွမ်းကျင်နည်းပြများ၏ အကူအညီဖြင့် ပထမအကြိမ်အပြည်ပြည်ဆိုင်ရာ မြို့ပြရှာဖွေကယ်ဆယ်ရေး နည်းစနစ်သင်တန်းကို ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင်လည်းကောင်း၊ ဒုတိယအကြိမ်သင်တန်းကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ သင်တန်းသားအရာရှိ ၁၀၀ ဖြင့်လည်းကောင်း ဗဟိုမီးသတ်သင်တန်းကျောင်းတွင် ဖွင့်လှစ်ခဲ့သည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အောက်တိုဘာလတို့တွင် ပြင်သစ်နိုင်ငံ စင်ကာပူအခြေစိုက်သံရုံး၏ ကူညီပံ့ပိုးမှုဖြင့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးသင်တန်းများကို လည်းကောင်း၊ ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလတွင် ဂျပန်နိုင်ငံ The Society for Promotion of Japanese Diplomacy အဖွဲ့၏ ကူညီမှုဖြင့် မီးငြိမ်းသတ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် မီးသတ်ယာဉ်/စက်ပစ္စည်းကိရိယာ ပြုပြင်ထိန်းသိမ်းမှုသင်တန်းကိုလည်းကောင်း၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ကိုရီးယားနိုင်ငံ Seoul Metropolitan Fire and Disaster Management Head Quarters အဖွဲ့၏ ကူညီမှုဖြင့် မီးသတ်ကိုင်တွယ်ထိန်းသိမ်းအသုံးပြုမှုသင်တန်းကိုလည်းကောင်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ ယခုအခါ အဆိုပါသင်တန်းများတွင် တက်ရောက်ခဲ့သော မီးသတ်တပ်ဖွဲ့ဝင်အရာရှိ စစ်သည်များမှာ သင်ယူရရှိခဲ့သည့် နည်းပညာများဖြင့် မိမိတို့လုပ်ငန်းခွင်နယ်ပယ်တွင် မီးသတ်တပ်ဖွဲ့၏ မွန်မြတ်သည့် ရည်ရွယ်ချက်နှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

## ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များချီးမြှင့်မှုခံယူ

မီးသတ်တပ်ဖွဲ့ဝင်များသည် ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ခဲ့ခြင်းကြောင့် ဂုဏ်ထူးဆောင်ဘွဲ့နှင့် တံဆိပ်များချီးမြှင့်မှုခံယူလျက်ရှိသည်။ ၁၉၅၂ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုငွေတံဆိပ် တစ်ဦး၊ လွတ်လပ်ရေးမော်ကွန်းဝင်သုံးဦး၊ ဂုဏ်ထူးဆောင်လက်မှတ် ၁၀ ဦး၊ သရေစည်သူဘွဲ့ တစ်ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ ငါးဦး၊ စက်မှုစီးပွားထူးချွန်တံဆိပ် ၁၀ ဦး၊ စီမံထူးချွန်တံဆိပ်၂၃ ဦး၊ လူမှုထူးချွန်တံဆိပ် ၃၆ ဦး၊ သီဟဗလတံဆိပ် သုံးဦး၊ ရဲသီဟတံဆိပ် တစ်ဦး၊ ရဲသူရတံဆိပ် ၁၆ ဦး၊ ရဲဗလတံဆိပ် ၅၅ ဦး၊ ရဲသူရိန်တံဆိပ် ၇၃ ဦး၊ ရဲကျော်စွာတံဆိပ် ၇၅ ဦး၊ ရဲကျော်သူတံဆိပ် ၄၅ ဦး စုစုပေါင်း ၃၅၇ ဦးရှိပြီးဖြစ်သည်။ ၁၉၅၄ ခုနှစ်တွင် ညွှန်ကြားရေးဝန် ဦးလှကျော်က သရေစည်သူဘွဲ့၊ ၁၉၅၆ ခုနှစ်တွင် ညွှန်ကြားရေးဝန် ဦးခင်မောင်လွင်က ဝဏ္ဏကျော်ထင်ဘွဲ့တို့ရရှိခဲ့သည်။ ၂၀၂၄ ခုနှစ်တွင် ရဲသူရတံဆိပ်ရရှိသူနှစ်ဦး၊ ရဲဗလတံဆိပ်ရရှိသူ နှစ်ဦး ရှိကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပုဂံခေတ်ကတည်းကပင် ပေါ်ပေါက်ခဲ့ရာ နှစ်ပေါင်း ၁၀၀၀ နီးပါးကြာမြင့်သည့် သမိုင်းအစဉ်အလာကြီးမားသော အဖွဲ့အစည်းတစ်ခုဖြစ်သည်။ တိုင်းရင်းသားမိဘပြည်သူများ၏ အသက်အိုးအိမ် ဥစ္စာပစ္စည်းများ မီးဘေးနှင့် အခြားအန္တရာယ်များကျရောက်ပါက အသက်ကိုပဓာနမထားဘဲ စွန့်လွှတ်စွန့်စားမှုဖြင့် ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ စဉ်ဆက်မပြတ်လေ့ကျင့်မှုဖြင့် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် ကြိုးစားလျက်ရှိကြောင်း **"(၇၉)နှစ်မြောက်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့"**ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

**ကိုးကား – နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉၂/၂၀၂၄။**
**www.fsd.gov.mm မီးသတ်ဦးစီးဌာနဝက်ဘ်ဆိုက်။**

**"မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနလက်အောက်ရှိ မီးသတ်တပ်ဖွဲ့၏ဆောင်ပုဒ်မှာ "သတိ၊ သစ္စာ၊ သတ္တိ" ဖြစ်ပြီး "မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်း" စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှ တားဆီးကာကွယ်ပေးသည်။ သဘာဝဘေးအန္တရာယ်အပါအဝင် အခြားသောဘေးအန္တရာယ်များ ကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည်။ ရည်မှန်းချက်တာဝန်(၄)ရပ်မှာ မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ရေးတို့ဖြစ်"**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် စစ်တွေမြို့နယ်အတွင်း စာကြည့်တိုက်များအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး

**စစ်တွေ မေ ၃**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်အတူ မေ ၂ ရက် နံနက်ပိုင်းက စစ်တွေမြို့နယ်အတွင်း စာကြည့်တိုက်များအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ ဂြိဟ်ဘက်ဘုန်းတော်ကြီးကျောင်းတိုက်ရှိ သာကီမဏ္ဍိုင်စာကြည့်တိုက်အား သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးက စာကြည့်တိုက်အဆောက်အအုံအား အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့မှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စာအုပ်စာပေလေ့လာဖတ်ရှုနေမှုကို လှည့်လည်ကြည့်ရှုကြပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကလှူဒါန်းသည့် စာအုပ်စာပေများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွာကြီးတောင်ရပ်ကွက် စာကြည့်တိုက်အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း၊ ဆင်ကူးလမ်းရပ်ကွက် စာကြည့်တိုက်အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကျော်မိုးက စာကြည့်တိုက်အဆောက်အအုံအား အဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စာကြည့်တိုက်အတွင်း ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စာအုပ်စာပေလေ့လာဖတ်ရှုနေမှုကို လှည့်လည်ကြည့်ရှုကြပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသည့် စာအုပ်စာပေများကို ပေးအပ်လှူဒါန်းကြကာ စာပေလေ့လာဖတ်ရှုနေကြသူများနှင့် ကလေးငယ်များအား စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများအား ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပညာရေးနှင့် သင်ပြနည်းပညာဒီပလိုမာ (Dip.EP)သင်တန်းနှင့် အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် ဘာသာရပ်ပြ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုကိုသွားရောက်ကြည့်ရှုအားပေးကြပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

ထိုသို့ သွားရောက်ကြည့်ရှုအားပေးကြစဉ် ပြည်နယ်ဝန်ကြီးချုပ်က ဆရာ ဆရာမများ အေးချမ်းစွာ သင်တန်းတက်ရောက်နေကြသည်ကို တွေ့ရှိရသည့်အတွက် များစွာဝမ်းသာကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ဆန်နှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်ချီးမြှင့်နေမှု၊ နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှု၊ ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့်နေမှုတို့ကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆရာ ဆရာမများအနေဖြင့် လိုအပ်ချက်များရှိပါကလည်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြ ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**
**ဓာတ်ပုံ - ဝင်းမင်းစိုး**

# (၃၂)ကြိမ်မြောက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) အခမ်းအနား ကျင်းပ

**ရန်ကုန် မေ ၃**

ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိမြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး၌ကျင်းပရာ အခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများနှင့် ကောင်စီဝင်များ၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သတင်းမီဒီယာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌက ဖတ်ကြားပြီး ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ (World Press Freedom Day)အခမ်းအနား အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁)ဦးခင်မောင်ဇော်နှင့်ဒုတိယဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်တို့က သတင်းလွတ်လပ်ခွင့်နှင့် သက်ဆိုင်သော အကြောင်းအရာများကိုဆွေးနွေးပြောကြားကြသည်။

ထို့နောက် အခမ်းအနားတက်ရောက် လာကြသူများက ပြန်လည်ဆွေးနွေးပြောကြားပြီး တွဲဖက် အတွင်းရေးမှူး(၂) ဦးရဲမင်းစိုးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**



# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဝင်များတွေ့ဆုံပွဲ ပြုလုပ်

**ရန်ကုန် မေ ၃**

ရန်ကုန် တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် မြောက်ပိုင်းခရိုင်တာဝန်ခံ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) နှင့် အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲကို မေ ၂ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီဝင်က ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာတတ်သူများ စာဖတ်နိုင်ရေးနှင့် စာကြည့်တိုက်အသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးတို့အတွက် လာရောက် ဆွေးနွေးရခြင်းဖြစ်ကြောင်းပြောကြားကာ ရုံးအဖွဲ့မှူး ဦးဝင်းသိန်းက စာကြည့်တိုက်မှူးများ၏ စာအုပ်များထားရှိမှု၊ စာငှားစနစ်နှင့် ရုံးစာရေးသားနည်း လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေး၍ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းမင်းသိုက်က မြို့နယ်တွင် စာကြည့်တိုက်များ မိုးရာသီသဘာဝအန္တရာယ် တားဆီးကာကွယ်ရေး၊ စာအုပ်များ၊ စာအုပ်စင်ထိုင်ခုံများ ရရှိရေး၊ စာကြည့်တိုက်မှူးများ ထောက်ပံ့ငွေ ပေးအပ်နိုင်ရေး ဆွေးနွေးတင်ပြကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမြင့်ဇော်က မြို့နယ်စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှု၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ပြိုင်ပွဲများ ပြုလုပ်နေမှု အခြေအနေများနှင့် စာကြည့်တိုက်အသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းကော်မတီဝင်က ညှိနှိုင်းပေါင်းစပ်ဆွေးနွေးပြီး မြို့နယ်အတွင်းရှိ လမ်းပြကြယ် စာကြည့်တိုက်နှင့် အသစ်ဖွင့်လှစ်ထားသော စာကြည့်တိုက်များကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

# ခန္တီးမြို့၌ ကျောင်းသား ကျောင်းသူများအား ထောက်ပံ့

**ခန္တီး မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် သွားလာစရိတ်၊ ဝတ်စုံနှင့် စာရေးကိရိယာများ၊ စားသောက်စရိတ် ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့က အထက(ခန္တီး) ကျန်စစ်သားခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးမိုးက အမှာစကားပြောကြားကာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ်သိန်း ၁၀၀ အား နေ့စခန်းသွင်း ကျောင်းသား ကျောင်းသူများ၊ ကြီးကြပ်သူဆရာ ဆရာမများ၊ သင်တန်းနည်းပြများအား နေ့လယ်စာအတွက် တစ်ရက်လျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **အေးခိုင်(ပြန်/ဆက်)**



# အမေရိကန်နိုင်ငံသို့ တင်သွင်းသည့် မော်တော်ယာဉ်အစိတ်အပိုင်းများအပေါ် အခွန် ၂၅ ရာခိုင်နှုန်း ထပ်တိုးကောက်ခံ

ဝါရှင်တန် မေ ၃

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ အစိုးရအဖွဲ့သည် မော်တော်ကားအင်ဂျင်နှင့် ဂီယာများ အပါအဝင် အဓိကတင်သွင်းသည့် ကားအစိတ်အပိုင်းများအပေါ် အခွန် ၂၅ ရာခိုင်နှုန်း ထပ်တိုးကောက်ခံလျက်ရှိကြောင်း သိရသည်။ ဧပြီ ၃ ရက်တွင် နိုင်ငံခြားထုတ်မော်တော်ယာဉ်များအပေါ် ၂၅ ရာခိုင်နှုန်းအခွန်စည်းကြပ်မှုကို စတင်ကောက်ခံခဲ့ပြီး မော်တော်ယာဉ်အစိတ်အပိုင်းများအပေါ် အခွန် ၂၅ ရာခိုင်နှုန်း ထပ်တိုးကောက်ခံခြင်းဖြစ်သည်။

ဝါရှင်တန်သည် ၁၉၆၂ ခုနှစ် ကုန်သွယ်မှုတိုးချဲ့မှုအက်ဥပဒေ ပုဒ်မ ၂၃၂ ကို ကိုးကား၍ သမ္မတတစ်ဦးအား နိုင်ငံတော်လုံခြုံရေးကို ခြိမ်းခြောက်သည့် သွင်းကုန်များကို ကန့်သတ်ရန် ခွင့်ပြုထားသည်။

သို့သော် အမေရိကန် ကားထုတ်လုပ်သူများ၏ ကန့်ကွက်မှုကြောင့် ၎င်း၏ မော်တော်ယာဉ်အခွန်အချို့ကို ဖြေလျှော့ရန် ထရမ့်အစိုးရက ယခုသီတင်းပတ်အစောပိုင်းတွင် ကြေညာခဲ့သည်။

နိုင်ငံရပ်ခြားမှတင်သွင်းသည့် မော်တော်ယာဉ်အစိတ်အပိုင်းများအတွက် ပေးဆောင်သော အခွန်ရှိငွေအချို့ကို ကားထုတ်လုပ်သူများအား ပြန်လည်ပေးအပ်သွားမည်ဟု ထရမ့်အစိုးရက ပြောကြားသည်။

ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ အမေရိကန်သို့ နိုင်ငံ၏မော်တော်ယာဉ်အစိတ်အပိုင်းများတင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံခန့်ရှိကြောင်း သိရသည်။ အဆိုပါပမာဏသည် အမေရိကန်သို့ ဂျပန်နိုင်ငံ၏ စုစုပေါင်းတင်ပို့မှု၏ ၅ ဒသမ ၈ ရာခိုင်နှုန်းဖြစ်ပြီး မော်တော်ယာဉ်များပြီးလျှင် ဒုတိယအများဆုံးဖြစ်သည်။

အမေရိကန်၏ အခွန်စည်းကြပ်မှုအသစ်သည် ၎င်းတို့၏လုပ်ငန်းများကို ထိခိုက်စေနိုင်ကြောင်း ဂျပန်ပစ္စည်းထုတ်လုပ်သူများကြားတွင် စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။ ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်



# အစ္စရေးနိုင်ငံအလယ်ပိုင်း၌ တောမီးလောင်ကျွမ်း၊ သစ်တော ဧက ၂၀၀၀ အပါအဝင် လယ်ဧက ၆၀၀၀ ခန့် မီးလောင်ပျက်စီး

ဂျေရုဆလင် မေ ၃

အစ္စရေးနိုင်ငံအလယ်ပိုင်း၌ လောင်ကျွမ်းလျက်ရှိသည့် တောမီးအများစုကို မီးသတ်သမားများက ထိန်းချုပ်ငြိမ်းသတ်နိုင်ခဲ့ကြောင်း အစ္စရေးမီးသတ်နှင့် ကယ်ဆယ်ရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါတောမီးသည် ဧပြီ ၃၀ ရက်မှစတင် လောင်ကျွမ်းလျက်ရှိသည်။

ဂျေရုဆလင်နှင့် တဲလ်အဗစ်မြို့တို့ကြား လတ်ထရန်ဒေသရှိ မြေရေယာ စတုရန်းကီလိုမီတာ ၂၀ (၇ ဒသမ ၇ စတုရန်းမိုင်) ဝန်းကျင်တွင် လောင်ကျွမ်းနေသော တောမီးကို မီးသတ်တပ်ဖွဲ့ ၁၅၀ ကျော်က ဝိုင်းဝန်းကြိုးပမ်းငြိမ်းသတ်လျက်ရှိသည်။

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တော ဧက ၂၀၀၀ အပါအဝင် လယ်ဧက ၆၀၀၀ ခန့် မီးလောင်ပျက်စီးခဲ့သည်။




မီးခိုးရှူရှိုက်ခဲ့ခြင်းကြောင့် အနည်းဆုံး ပြည်သူ ၁၂ ဦးကို ဆေးကုသမှု ပေးခဲ့ရကြောင်း အစ္စရေး အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့က ပြောသည်။

မီးသတ်သမား ခုနစ်ဦး ဒဏ်ရာရခဲ့ကြောင်း အစ္စရေးရုပ်သံဌာနမှ ကနက ပြောသည်။

လေပြင်းတိုက်ခတ်မှုများနှင့် အတူ ပူပြင်းခြောက်သွေ့သော အခြေအနေများကြောင့် တောမီးကို အပြည့်အဝထိန်းချုပ်ရန် ပိုမိုခက်ခဲကြောင်း အာဏာပိုင်များက ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက တောမီးလောင်ကျွမ်းမှုကို တုံ့ပြန်သည့်အနေဖြင့် အမျိုးသားအရေးပေါ်အခြေအနေ ကြေညာခဲ့သည်။

ရာနှင့်ချီသည့် လူနေအိမ်များကို ရွှေ့ပြောင်းခဲ့သော်လည်း ဂျေရုဆလင်မြို့တော်အနီးရှိ မြို့ ၁၂ မြို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် အမိန့်ကို ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပြင်သစ်၊ အီတလီနှင့် စပိန်နိုင်ငံများအပါအဝင် နိုင်ငံအများအပြားက အရေးပေါ်အခြေအနေ အကူအညီပေးရန် လေယာဉ်များ စေလွှတ်ထားကြောင်း သိရသည်။

မီးလောင်မှုကြောင့် အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဆင်နွှဲသည့် တရားဝင်ပွဲအများစုကို ဖျက်သိမ်းခဲ့သည်။

ကိုးကား - ဘီဘီစီ

ဘာသာပြန် - အောင်ကျော်ကျော်

# မာလာဝီနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူတစ်ဦး ထပ်မံတွေ့ရှိ

လီလောင်ဝေ(မာလာဝီ) မေ ၃

မာလာဝီနိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ တစ်ဦးအား ယမန်နေ့က စစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း၌ ရောဂါကူးစက်ခံရသူ ခြောက်ဦးအထိရှိကြောင်း သိရသည်။

ရောဂါနောက်ဆုံးတွေ့ရှိခဲ့သည့် လူနာသည် မြို့တော် လီလောင်ဝေမှ ဖြစ်ပြီး အသက် ၁၈ နှစ်အရွယ်ကျောင်းသားတစ်ဦးဖြစ်ကြောင်း မာလာဝီပြည်သူ့ကျန်းမာရေးအင်စတီကျု (PHIM) က ပြောကြားသည်။

အဆိုပါလူနာသည် ဖျားခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှူမဝခြင်းနှင့် အရေပြားအဖုများအပါအဝင် အခြားသော ရောဂါလက္ခဏာများခံစားရပြီးနောက် ဧပြီ ၃၀ ရက်တွင် ၎င်း၏နမူနာများကို ဒေသဆိုင်ရာကျန်းမာရေးဌာန၌ စစ်ဆေးခဲ့ရာ မျောက်ကျောက်ရောဂါကူးစက်ခံထားရကြောင်း သိရသည်။

တရားဝင် ကြေညာ

ဧပြီ ၁၆ ရက်တွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူ သုံးဦးအား ပထမဆုံးအကြိမ် စစ်ဆေးတွေ့ရှိခဲ့ပြီးနောက် ဧပြီ ၁၇ ရက်တွင် နိုင်ငံအတွင်း၌ မျောက်ကျောက်ရောဂါဖြစ်ပွားကြောင်း တရားဝင်ကြေညာခဲ့သည်။

တစ်ချိန်တည်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့်မာလာဝီအစိုးရတို့သည် မြို့တော် လီလောင်ဝေရှိ ကာမူဇူဗဟိုဆေးရုံ၌ မျောက်ကျောက်ရောဂါအရေးပေါ်ကုသမှုစင်တာတစ်ခု တည်ထောင်ထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်

# ဧပြီလအတွင်း နီပေါနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် ၁၁၆၄၉၀ ရှိ

ခတ္တမန္ဒူ မေ ၃

ဧပြီလအတွင်း နီပေါနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် ၁၁၆၄၉၀ ရှိကြောင်းနှင့် အဆိုပါအရေအတွက်သည် ယခင်နှစ် ဧပြီလများထက် စံချိန်တင်မြင့်တက်ကြောင်း နီပေါခရီးသွားလုပ်ငန်းက ယနေ့ပြောသည်။

ယခင်နှစ်ဧပြီလထက် ၄ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ပြီး ၂၀၁၉ ခုနှစ် ဧပြီလထက် ၆ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း နီပေါခရီးသွားလုပ်ငန်းက ပြောသည်။

နိုင်ငံခြားသားခရီးသည်စုစုပေါင်း အရေအတွက်မြင့်တက်လာသော်လည်း နီပေါနိုင်ငံသို့ အဓိကလာရောက်သည့် အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ခရီးသွားအရေအတွက်သည် ယခင်နှစ်ဧပြီလထက် ၁၄ ရာခိုင်နှုန်းနှင့် ၇ ဒသမ ၃ ရာခိုင်နှုန်း အသီးသီးလျော့ကျခဲ့ကြောင်း သိရသည်။

ယခုနှစ် ပထမလေးလအတွင်း နီပေါနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် စုစုပေါင်း ၄၁၅၀၄၈ ဦး လာရောက်ခဲ့ကြောင်း နီပေါခရီးသွားလုပ်ငန်းက ပြောသည်။ ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်

# ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများပိတ်ပင်မှု နှစ်လတိုင်ကြာမြင့်ပြီဖြစ်

ဂါဇာစီးတီး မေ ၃

ဂါဇာကမ်းမြောင်ဒေသအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများကို အစ္စရေး၏ ပိတ်ဆို့တားဆီးမှုသည် နှစ်လတိုင်ကြာမြင့်လျက်ရှိကြောင်း သိရသည်။

အထူးသဖြင့် ကလေးများအတွက် ဆိုးရွားသောအခြေအနေများကို ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများက ပြောကြားသည်။

အစ္စရေးက မတ် ၂ ရက်တွင် အစားအသောက်နှင့် ဆေးဝါးများ စီးဆင်းမှုကို စတင်ရပ်ဆိုင်းခဲ့သည်။ အဆိုပါ ဆောင်ရွက်မှုသည် ဟားမတ်စ်ကို ဖိအားပေးရန် ရည်ရွယ်ထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ အစ္စရေးအစိုးရသည် လာမည့်သီတင်းပတ်များအတွင်း ကယ်ဆယ်ရေးဖြန့်ဝေမှုပုံစံကို ပြင်းထန်စွာပိတ်ပင်ရန် စီစဉ်နေကြောင်း သတင်းအရင်းအမြစ်များကို ကိုးကားပြီး တိုင်းမ်အော့အစ္စရေးသတင်းစာက မေ ၃ ရက်တွင် သတင်းဖော်ပြသည်။

အဆိုပါ လှုပ်ရှားမှုသည် ဟားမတ်စ် တိုက်ခိုက်ရေးသမားများထံ အကူအညီ တစ်စုံတစ်ရာပေးအပ်ခြင်းကို တားဆီးရန်ရည်ရွယ်ခြင်းဖြစ်သည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ထမ်းများသည် အရပ်သားများ၏ သက်သာချောင်ချိရေးအပေါ် ပိုမိုစိုးရိမ်လျက်ရှိသည်။



ယင်းအခြေအနေသည် ကလေးများ၏ ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာကို ချိုးနှိမ်ခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အခြေအနေအစီအစဉ်၏ အမှုဆောင်ဒါရိုက်တာ မိုက်ကယ်ရိုင်ယန်က ပြောကြားသည်။

ကိုးကား - အင်န်အိတ်ချ်ကေ

ဘာသာပြန် - အောင်ကျော်ကျော်

# PDF အမည်ခံအကြမ်းဖက်သမားများက မုံရွာမြို့ရှိ အများပြည်သူ သွားလာအသုံးပြုနေသည့် ဇက်ဆိပ်တွင် လက်လုပ်တိုက်မိုင်းများ ထောင်ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျဖယ်ရှားရှင်းလင်း

**နေပြည်တော် မေ ၃**

PDF အမည်ခံအကြမ်းဖက်သမားများသည် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန်၊ ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်နေမှုများကို နှောင့်ယှက်ရန်၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲများဖြစ်ပေါ်စေရန်နှင့် အကြောက်တရားများ ပိုမိုဖြစ်ပေါ်စေရန် ရည်ရွယ်၍ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ၊ လမ်း၊ တံတားများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

**ဖောက်ခွဲဖျက်ဆီးခဲ့**

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက် မုံရွာတောင်ဇက်ဆိပ်(မုံရွာ-ညောင်ပင်ကြီး ကူးတို့ဆိပ်)ရှိပြည်သူများနှင့် ယာဉ်များ အတက်အဆင်းပြုလုပ်ရာနေရာ၌ လက်လုပ်တိုက်မိုင်းများ ထောင်ထားကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် ယနေ့နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် အဆိုပါဇက်ဆိပ်၌ အကြမ်းဖက်သမားများထောင်ထားသည့် လက်လုပ်တိုက်မိုင်းငါးလုံးကိုတွေ့ရှိရသဖြင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မဖြစ်စေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ပြည်သူများအပေါ် ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်အား လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်တိုက်မိုင်းများကို တွေ့ရစဉ်။




PDF အမည်ခံအကြမ်းဖက်သမားများ လက်လုပ်တိုက်မိုင်း ဖောက်ခွဲရန် ထောင်ထားသည့် ဖြစ်စဉ်များပြပုံ။

# ရှမ်းမြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ငွေကျပ် ၁၀၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၈၆၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၃**

ရှမ်းမြို့နယ်နှင့် အမရပူရမြို့နယ်တို့တွင် ငွေကျပ် ၁၀၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၈၆၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁ ရက်နံနက် ၁၀ နာရီခွဲတွင်ရှမ်းမြို့နယ် မြို့ကြီးကျေးရွာအုပ်စု မြို့ကြီးကျေးရွာ အနီးတွင် မသီတာမွှေး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာဘိန်းစိမ်း ၁၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၄၅ သိန်း) သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ အမရပူရမြို့နယ် ဥယျာဉ်တော်ရပ်ကွက်ရှိ မောင်ပု(ခ)မောင်ညွန့်၏ နေအိမ်မှ ဘိန်းစိမ်း ၂၁ ကီလို(တစ်ကီလိုလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်၆၃ သိန်း)ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် မသီတာမွှေး (၃၄)နှစ်နှင့် မောင်ပု(ခ)မောင်ညွန့် (၅၉)နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မသီတာမွှေး(ဝဲပုံ) နှင့် မောင်ပု(ခ)မောင်ညွန့်(ယာပုံ)တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ မေ ၂ ရက် နံနက် ၈ နာရီခွဲတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု လွယ်တော်ခမ်း ကျေးရွာအနီးတွင် လော်စီခမ်း(ခ)ကျရှီးပါး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၂၀၀)နှင့် Happy Water သုည ဒသမ ၆ ကီလို(တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၆၆၀) သိမ်းဆည်းရမိခဲ့သဖြင့် လော်စီခမ်း(ခ)ကျရှီးပါး(၃၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၃**

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့်အလုပ်နှင့်ထောင်ဒဏ် အသီးသီးချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ ဇော်မင်းဆန်းနှင့် မသော်တာမင်း (လိပ်စာတူ)နေသူတို့က နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ မ---၊ ၄၂/၂၀၂၄ နှစ်အား တရုတ်အမျိုးသားနှင့် လက်ထပ်ရန် တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့ကြသဖြင့် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ဧည့်ဂေဟာနယ်မြေရဲစခန်း (ပ) ၅၉/၂၀၂၄၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။

လယ်ဝေးခရိုင်တရားရုံးမှ ဧပြီ ၂၉ ရက်တွင် တရားခံ ဇော်မင်းဆန်းနှင့် မသော်တာဝင်းတို့ နှစ်ဦးအား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မဥမ္မာထွေး(ခ) မထွေး(ခ) ယွန်းငယ်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြု ထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် မူဆယ်မြို့ မန့်ဝိန်းနယ်မြေ စွမ်းစော်ရပ်ကွက် "ကောင်း" ဟိုတယ်ဝင်း ဆိုင်ကယ်ဂိုဒေါင်နေ အောင်ဆန်းဦးက ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် နမ့်ဖက်ကာမြို့နယ် ရီယာန်ကျေးရွာနေ မ ---၊၁၇/၂၀၂၅ နှစ်အား တရုတ်အမျိုးသားနှင့် လက်ထပ်ရန် တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့သဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၃၉/၂၀၂၅၊ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၈(က) /၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။ မူဆယ်ခရိုင်တရားရုံးမှ ဧပြီ ၂၈ ရက်တွင်တရားခံ အောင်ဆန်းဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ်နှစ် ၂၀ ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်ဝင့်ဝါထွန်းနှင့် ဒေါ်နန်းအေးဆေးတို့ နှစ်ဦးအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကယားပြည်နယ်ဝန်ကြီးချုပ် အခြေခံပညာကျောင်းများနှင့် ဌာနဆိုင်ရာရုံးများ ဖွင့်လှစ်ရန်ပြင်ဆင်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး



လွိုင်ကော် မေ ၃

ကယားပြည်နယ်အတွင်း အခြေခံပညာကျောင်းများ ဖွင့်လှစ်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ နောင်ယား(ခ)ရပ်ကွက်ရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေမှုနှင့် ဌာနဆိုင်ရာရုံးနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ နောင်ယား(ခ) ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့သို့ သွားရောက်ကာ ကျောင်းပရိဝုဏ် သန့်ရှင်းသာယာရေးနယ်မြေခံ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ကျောင်းရုံးခန်းနှင့် စာသင်ခန်းများ၊ ဝန်ထမ်းနေအိမ်များအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ထေးသမရပ်ကွက်ရှိ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးနှင့် ဝန်ထမ်းအိမ်ရာ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာများသို့လည်းကောင်း၊ ပန်ကန်းကျေးရွာအုပ်စုရှိ ငါးလုပ်ငန်းဦးစီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ခရိုင်/ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့၏ ရုံးများနှင့် ဝန်ထမ်းအိမ်ရာများသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရုံးများပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ကြရန်၊ အဆိုပါရုံးများရှိ ဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ရာများရှိ လျှပ်စစ်မီး၊ သောက်သုံးရေ၊ အဆောက်အအုံအချို့ ပျက်စီးမှုများအား အမြန်ဆုံးပြုပြင်နိုင်ရေး ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# နမ္မတီးမြို့ရှိ ယာယီနေရပ်စွန့်ခွာအိမ်ထောင်စုများအား ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ပေးအပ်

မြစ်ကြီးနား မေ ၃

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် နှင့်အဖွဲ့သည် ယနေ့တွင် မိုးကောင်းမြို့နယ် နမ္မတီးမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများအား တွေ့ဆုံထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။




ယင်းသို့ တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အိမ်ထောင်စုများ မိုးမကျမီ အမိုးအကာဖြင့် နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် နေထိုင်စားသောက်မှု အဆင်ပြေစေရေး အတတ်နိုင်ဆုံး လာရောက်ထောက်ပံ့ခြင်းဖြစ်ကြောင်း အားပေးစကားပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အိမ်ထောင်စု ၄၉၁ စုအတွက် ဆန် ၂၄ ပြည်ပါအိတ် ၄၉၁ အိတ်၊ ဆီ ၄၉၁ ပိဿာ၊ ခေါက်ဆွဲခြောက်ဖာ ၁၀၀ နှင့် ကြက်အူချောင်းဖာ ၃၀ နှင့် လမ်းခွကျေးရွာအုပ်စု ဘင်ခရာအဖွဲ့အတွက် ဝတ်စုံစရိတ်နှင့် ကချင်ရိုးရာဩဇာကြိုအဖွဲ့အတွက် ငွေကျပ် ၁၀ သိန်းတို့ကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ နမ္မတီးမြို့မိမြို့ဖများ၊ ခရစ်ယာန်အသင်းတော်များမှ ဘာသာရေးခေါင်းဆောင်များ၊ မြို့လှရပ်ကွက်အတွင်းရှိ နမ္မတီးသကြားစက်ပိုင်ဝင်းအတွင်း မြေဧရိယာသုံးဧကအပါအဝင် ကျန်မြေဧရိယာများတွင် အိမ်ထောင်စုများအား ယာယီနေအိမ်အဆောက်အအုံများ ဆောက်လုပ်နေရာချပေးနိုင်ရေး မြေပြင်အခြေအနေနှင့် ဆောက်လုပ်သွားမည့်အစီအမံများကို ဆွေးနွေးညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နမ္မတီးမြို့ အုပ်စု(၃) မြို့မ(ဝါအောင်ရပ်ကွက်)အတွင်းရှိ ဝါအောင်နှစ်ခြင်းခရစ်ယာန်အသင်းတော်ဘုရားကျောင်း၌ ဘာသာရေးခေါင်းဆောင်များ၊ ဒေသခံပြည်သူများ၊ ယာယီခိုလှုံနေထိုင်လျက်ရှိသည့် အိမ်ထောင်စုများနှင့် တွေ့ဆုံပြီး အသင်းတော်တာဝန်ရှိသူများ၏ ကချင်ရိုးရာပလိုင်းဖြင့် ဂါရဝပြုလက်ဆောင်ပေးအပ်မှုကို လက်ခံရယူသည်။

ယင်းနောက် အဆိုပါ ရပ်ကွက်အတွင်း နှစ်ခြင်းအသင်းတော်မှ မြေနေရာငှားရမ်း၍ အိမ်ထောင်စုများအတွက် ယာယီနေအိမ်များ ဆောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ယာယီနေအိမ်များသွားလမ်းအား အသစ်ပြုပြင်ဖောက်လုပ်ပေးနိုင်ရေးနှင့် နေအိမ်များ အမြန်ဆုံးဆောက်လုပ်ပြီးစီးရေးအတွက် အသင်းတော်တာဝန်ရှိသူများထံ ငွေကျပ်သိန်း ၅၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၅-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၈၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၈၂ | ၂၉၆၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်(၂) မေ ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပမည်

ရန်ကုန် မေ ၃

၂၀၂၅ MNL League Cup ပြိုင်ပွဲ အုပ်စုပွဲစဉ်(၂)ကို မေ ၄ ရက်နှင့် ၅ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

အုပ်စုပွဲစဉ်(၂)အဖြစ် မေ ၄ ရက်တွင် YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် တက္ကသိုလ်အသင်း၊ ပဒုမ္မာကွင်း၌ Dagon Port အသင်းနှင့် YB United အသင်း၊ တက္ကသိုလ်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရန်ကုန်ရှိုင်ရယ်အသင်း၊ သုဝဏ္ဏကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ မေ ၅ ရက်တွင် တက္ကသိုလ်ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် Glory Goal အသင်း၊ ပဒုမ္မာကွင်း၌ မြဝတီအသင်းနှင့် ငွေကြယ်ပွင့်အသင်း၊ သုဝဏ္ဏကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် Chinland အသင်း၊ YUSC ကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရာမညယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အုပ်စုပွဲစဉ် (၁) တွင် အုပ်စု (က)၌ ရှမ်းယူနိုက်တက်အသင်း၊ အုပ်စု(ခ)၌ မဟာယူနိုက်တက်အသင်း၊ အုပ်စု(ဂ)၌ ဟံသာဝတီယူနိုက်တက်အသင်း၊ အုပ်စု(ဃ)၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့သာ နိုင်ပွဲရရှိထားသည်။

ကိုညီလေး


အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

# တိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့နယ်၌ နွေစပါးစံကွက်ရိတ်သိမ်းနေမှု ကြည့်ရှုအားပေး

ပုသိမ် မေ ၃

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပုသိမ်မြို့အတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ဌာနဆိုင်ရာများနှင့် ပြည်သူများစုပေါင်း၍ စေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော်ဆေးကြောသန့်စင်ခြင်းနှင့် ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘုရား၊ စေတီ၊ ပုထိုးများနှင့် ဆင်းတုတော်များအား အများပြည်သူ ကြည်ညိုဖွယ်ရာဖြစ်စေရေးအတွက် ရေသပ္ပာယ်ခြင်း၊ ရောင်ခြည်တော်ဖွင့်ခြင်း လုပ်ငန်းများ ဆောင်ရွက်စေရေး၊ အမှိုက်များ စနစ်တကျစွန့်ပစ်စေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရေး၊ ချုံနွယ်များ စနစ်တကျရှင်းလင်းစေရေးနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို အပတ်စဉ်ဆောင်ရွက်ခြင်းများအပြင် နေ့စဉ်သန့်ရှင်းသပ်ရပ်မှု ရှိစေရေးကိုလည်း အလေးထားလိုက်နာ ဆောင်ရွက်သွားရန်နှင့် စေတီတော်ကြီး၏ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအစဉ်တစိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာရှိ တောင်သူ ဦးဝင်းမြင့်လှိုင်၏ စိုက်ကေတစ်ကေတွင် ပြုလုပ်သည့် နယူးရော-၁၁နွေစပါးစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးသည်။ အဆိုပါ နွေစပါးကို စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ပျမ်းမျှအစိုအထွက်နှုန်း ၂၀၆ တင်း၊ အခြောက်အထွက်နှုန်း ၁၉၃ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့နယ် ရွာသာယာကျေးရွာရှိ ပိုင်ရှင်ဦးမင်းအောင်၏ အသားတိုးကြက် (CP) ကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရင်းနှီးမြှုပ်နှံမှု၊ ဈေးကွက်အတွင်း တင်ပို့ရောင်းချရမှုအခြေအနေများနှင့် အသားတင်အမြတ်ရရှိမှုများကို မေးမြန်းဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်မြို့ ကန်သုံးဆင့်ရေကန် (၁၃၀၀ x ၃၀၀x ၃) ပေ ဧရိယာ တူးဖော်နေမှုနှင့် (၁၄၀၀ x ၄၀ x ၆) ပေ တာပေါင်တိုးချဲ့ဧရိယာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပဲခူးမြစ်ကူး သန်လျင်တံတားအမှတ်(၃)တွင် ယာဉ်ဖြတ်သန်းခများ QR Code စနစ်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိ

ရန်ကုန် မေ ၃

ပဲခူးမြစ်ကူးတံတား တစ်စင်းဖြစ်သည့် သန်လျင်တံတား အမှတ်(၃)ပေါ်တွင် ကုန်စည်ပို့ဆောင်သောယာဉ်များနှင့် ခရီးသွားယာဉ်များ ဖြတ်သန်းခကို QR Code စနစ်ဖြင့် ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

**ဝန်ဆောင်မှုပေး**

အဆိုပါစနစ် အောင်မြင်ပါက ငွေတိုက်ရိုက်ပေးချေမှု ဖြတ်သန်းရသော ဝန်ဆောင်မှုထက် AI နည်းပညာကို အခြေခံထားသည့် QR Code စနစ်ကို အသုံးပြုထားသောစနစ်သည် Toll Gate ၏ ဝန်ဆောင်မှုစရိတ်များကို လျှော့ကျစေနိုင်ကြောင်း သိရသည်။ ရန်ကုန်မြို့နှင့် သန်လျင်မြို့ကို ဖြတ်သန်းတည်ဆောက်ထားသော သန်လျင်တံတား အမှတ်(၃)မှ ဖြတ်သန်းသွားလာကြသည့် ယာဉ်များအား Toll Gate မှ Cash Collection System ဖြင့် ဝန်ဆောင်မှုပေးနေသည့်အပြင် နိုင်ငံတကာတွင် အသုံးပြုနေသော QR Code စနစ်ဖြင့်လည်း ဝန်ဆောင်မှုပေးလျက်ရှိသည်။

“သန်လျင်တံတား အမှတ်(၃)ရဲ့ အသုံးပြုခကောက်ခံတဲ့အခါမှာ Cash Collection System နဲ့ MyanGo Toll App အသုံးပြုတဲ့ QR Code စနစ်ဆိုပြီး အသုံးပြုပါတယ်။ QR စနစ်ဟာ မိမိဖုန်းကို အသုံးပြုပြီးတော့ Scan ဖတ်ပြီး ဝန်ဆောင်ခပေးရတဲ့အတွက် ငွေကြေးကိုင်စရာမလိုတာကြောင့် တိုးဂိတ်အနေနဲ့ ငွေကြေးပိုင်းဆိုင်ရာမှာလည်း ထိန်းချုပ်နိုင်ပါတယ်”ဟု လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထင်ကျော်က ပြောသည်။

**ထိရောက်မှုရှိ**

QR Code စနစ်သည် တံတားပေါ်ရှိ Toll Gate သို့ဝင်လာသော ယာဉ်များ၏ နံပါတ်ကို ANPR မှ ဖတ်ယူထားပြီး ယာဉ်မောင်းမှ မိမိဖုန်းတွင်ထည့်ထားသော MyanGo Toll Application ကို အသုံးပြု၍ Toll Gate တွင် တပ်ဆင်ထားသည့် Display Board ပေါ်ရှိ QR Code အား Scan ဖတ်၍ မိမိနှစ်သက်ရာ AYA Bank၊ KBZ Pay၊ Wave Pay နှင့် UAB Pay တို့မှ တစ်ခုဖြင့် ငွေပေးချေပြီးပါက မောင်းတံအလိုလိုပွင့်ပြီး ထွက်ခွာနိုင်သော နည်းစနစ်တစ်ခုဖြစ်သည်။ Toll Gate များတွင် အသုံးပြုနေသည့် တိုက်ရိုက်ငွေပေးချေသောစနစ်ထက် ထိရောက်မှုရှိပြီး အင်တာနက်စနစ်နှင့် Mobile Pay အသုံးပြုမှု မြန်ဆန်ခြင်းဖြင့် ငွေသားပေးဆောင်ရခြင်း၊ ဝန်ဆောင်ခအပေးအယူ စောင့်ဆိုင်းရခြင်းနှင့် ပြေစာစောင့်ဆိုင်းရသောစနစ်ကို ကျော်လွှားနိုင်သောကြောင့် နိုင်ငံတကာတွင် အသုံးပြုနေခြင်းဖြစ်သည်။

“ကျွန်တော်တို့အနေနဲ့ QR Code စနစ်ကို မြန်မာနိုင်ငံမှာ ပထမဆုံး အကောင်အထည်ဖော်ခွင့် ရတာဟာ ဂုဏ်ယူစရာပါ။ QR Code စနစ်ကို အများပြည်သူ ပိုမိုသိရှိနားလည်အောင် ဆောင်ရွက်နေပြီး AI နည်းပညာ ဖွံ့ဖြိုးလာတာနဲ့အမျှ ယခုလိုလက်တွေ့အသုံးပြုနိုင်မှုအပေါ် ဝမ်းသာပီတိဖြစ် ရပါတယ်” ဟု Toll Tech ကုမ္ပဏီမှ မန်နေဂျာ ဦးလင်းထွဋ်ကိုကိုက ပြောသည်။

**သတင်းနှင့် ဓာတ်ပုံ - သန်းထိုက်**







# ပွင့်ဖြူမြို့နယ်၌ မိုးကြိုပဲတီစိမ်း ၆၂၃၉ ဧက စိုက်ပျိုးပြီးစီး

ပွင့်ဖြူ မေ ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်းသီးနှံ ၆၂၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဒေသခံတောင်သူများက မဲဇလီရေလှောင်ဆည်ရေဖြင့် ဈေးကွက်ရှိသည့် ပဲတီစိမ်းသီးနှံစိုက်ပျိုးခြင်းကို မိုးသီးနှံနှင့် နွေသီးနှံစိုက်ပျိုးရာသီတွင် အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ သီးနှံဝင်ငွေ တိုးပွားရေးအတွက် ပဲတီစိမ်းကို မိုးကြိုသီးနှံအဖြစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၆၂၃၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ တောင်သူများက စိုက်ပျိုးပြီးစီးသည့် ပဲတီစိမ်းစိုက်ခင်းများတွင် သီးနှံအထွက်နှုန်းများ ကောင်းမွန်စေရေးအတွက် မြေသြဇာကျွေးခြင်း၊ ရေဖျန်းခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း စသည့် စိုက်ပျိုးရေးသွင်းအားစုလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးကြိုပဲတီစိမ်းစိုက်ပျိုးတောင်သူများကို တစ်ဧက ပန်းတိုင်းအထွက်နှုန်းများရရှိစေရန်၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးကြရန်၊ အရည်အသွေးကောင်းသီးနှံများရရှိရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ အချိုးကျ မှန်ကန်စွာသုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**



# သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့် ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော်လေးပါးနှင့် ဒေသခံပြည်သူ ၁၅၆ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အုတ်တွင်းမြို့နယ်၊ ဘုန်းတော်တိုး၊ ဘုန်းတော်ပွင့်၊ ဘုန်းတော်တင့်၊ ဘုန်းတော်မြင့်ဘုရား ရှေ့မီးပွိုင့်လမ်းဆုံတွင် မေ ၂ ရက် နံနက်ပိုင်းက(၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြေစိုက်ပိုစတာစိုက်ထူကာ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ကျော်မြင့်က အောင်သပြေပန်းခက်ဖြင့် အမွှေးနံ့သာများ ပက်ဖျန်းပေးစဉ်။

ခင်ခင်မာ(ပြန်/ဆက်)

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ရေကြည်မြို့နယ် စိုက်ပျိုးရေးသမဝါယမအသင်းများ၏ နွေစပါးရိတ်သိမ်းမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်လျက်ရှိသည့် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မီးသွေးတိုက် အနောက်ကျေးရွာသို့ သွားရောက်၍ သင်တန်းဆရာမများ၊ သင်တန်းသူများနှင့် တွေ့ဆုံကာ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဒေသခံပြည်သူများအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကိုရှင်းလင်းပြောကြားပြီး သင်တန်းဆရာမများနှင့် သင်တန်းသူများကို အားပေးစကားပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆိပ်ဖူးနီကျေးရွာသို့ သွားရောက်၍ ဆိုင်ကယ်ပြင်သင်တန်း တက်ရောက်အောင်မြင်ပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နေသော ဦးကောင်းမြတ်ကျော်၏ 'ကောင်း' ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းနှင့် ဦးသန့်ဇင်ဦး၏ 'သန့်ဇင်ဦး' ဆိုင်ကယ်ပြုပြင်ရေးလုပ်ငန်းတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရေကြည်မြို့နယ် ကညင်ငူကျေးရွာသို့ သွားရောက်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ကညင်ငူ-နွားရေတိုက်-ငါးတဲစု ကျေးရွာချင်းဆက်လမ်း အရှည် သုံးမိုင်လေးဖာလုံအနက် သုံးဖာလုံ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် ကွန်ကရစ်လမ်း နှစ်ဖာလုံအား အချိန်မီပြီးစီးရေး ကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တစ္ဆေချောင်းရွာမှ အနောက်ဘက်ရှိ ကျေးရွာခုနစ်ရွာသို့ ဖြတ်သန်း သွားလာနိုင်သော တဘူးချောင်း လူကူးတံတားကို မော်တော် ဆိုင်ကယ်များပါ ဖြတ်သန်း သွားလာနိုင်အောင် ပြုပြင်တည်ဆောက်ပေးရန် လိုအပ်သည်များ မှာကြားသည်။



ယင်းနောက် ဆီဆံကုန်းကျေးရွာသို့သွားရောက်၍ ဆင်းကေရီ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား တောင်သူများ၏ GW-11 စပါးမျိုး ၂၂ ဧက၊ ဆာဖိုးသာစပါးမျိုး ရှစ်ဧက စုစုပေါင်းဧက ၃၀ စိုက်ပျိုးထားမှုကို ကြည့်ရှုသည်။ အဆိုပါ စိုက်ဧကများထဲမှ တောင်သူ ဦးလှနိုင်စိုး၏ ဆာဖိုးသာစပါးမျိုး ရှစ်ဧကကို ယနေ့ရိတ်သိမ်းခြွေလှေ့ခဲ့ရာ တစ်ဧကလျှင် အစိုတင်း ၁၅၁ တင်းရရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အသင်းသား တောင်သူများနှင့် တွေ့ဆုံ၍ဧရာဝတီတိုင်းဒေသကြီး၏ ဂုဏ်ဒြပ်တစ်ခုဖြစ်သည့် ပေါ်ဆန်းစပါးမျိုး အောင်မြင်ဖြစ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ စိုက်ပျိုးရေးသမဝါယမ အသင်းများအနေဖြင့် အထွက်တိုးစပါးမျိုးများစိုက်ပျိုး၍ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဆီထွက်သီးနှံ မိုးမြေပဲနှင့် နေကြာတို့ကိုလည်း အောင်မြင်အောင် စိုက်ပျိုးကြရန် တိုက်တွန်းမှာကြားပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် သာစည်-ရွှေညောင် ရထားလမ်းပိုင်း ဆင်တောင်နှင့် မြင်းဒိုက်ဘူတာအကြား ရထားလမ်းတာပေါင်ပြိုကျမှုဖြစ်ပွား

**နေပြည်တော် မေ ၃**

မိုးကြိုကာလဖြစ်သည့် မေ ၁ ရက်မှစ၍ နေရာအချို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရှမ်းပြည်နယ်တောင်ပိုင်း သာစည်မြို့နယ်အတွင်းရှိ သာစည်-ရွှေညောင်ရထားလမ်းပိုင်း၏ ဆင်တောင်နှင့် မြင်းဒိုက်ဘူတာအကြား မိုင်တိုင်အမှတ် ၃၅၇/၄-၅ အကြား ရထားလမ်းတာပေါင် ပြိုကျမှုဖြစ်ပွားခဲ့ပြီး ရထားလမ်းပိုင်းကို မေ ၁ ရက် ညနေ ၆ နာရီ ၁၆ မိနစ်မှစ၍ ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

ရထားလမ်း တာပေါင်ပြိုကျမှုဖြစ်ပွားရာသို့ မြန်မာ့မီးရထားဝန်ထမ်းများက ယင်းနေ့ ည ၇ နာရီတွင် ရောက်ရှိစစ်ဆေးခဲ့ရာ ရထားလမ်း တာပေါင်ဇလီဖားတုံးထိပ်မှ အလျားပေ ၂၀၊ အမြင့်ပေ ၃၀ ခန့်ရှိ မြေသားတာပေါင် ပြိုကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါရထားလမ်းတာပေါင်ပြိုကျမှုကြောင့် မေ ၂ ရက်မှစ၍ ယာယီရပ်နားထားရသည့် သာစည်-ရွှေညောင်ရထားခရီးစဉ် အမှတ်(၁၄၁)အဆန်၊ (၁၄၂) အစုန်ရထားများ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေး မြန်မာ့မီးရထားဝန်ထမ်းများက ပျက်စီးခဲ့သည့် ရထားလမ်းပိုင်း မြေထိန်းနံရံအား ပိုင်ရိုက်ခြင်းနှင့် ၆" x ၉" ကျောက်ကြီးများ ထည့်သွင်းခြင်းတို့ကို အမြန်ဆုံးပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်



ဘားအံ မေ ၃

ဘားအံမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် ယနေ့နံနက်ပိုင်းက ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုအားပေးကြသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၃)နှင့် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ရပ်ကွက်နေ ပြည်သူများ ပူးပေါင်း၍ စာသင်ကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စွန့်ပစ်ပလတ်စတစ်နှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း အစရှိသည့် သန့်ရှင်းရေးလုပ်ငန်းများကို အမှိုက်သိမ်းယာဉ်များ၊ မြက်ဖြတ်စက်များ အသုံးပြု၍ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ ကျောင်းများ၏ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ စာသင်ဆောင်၊ စာသင်ခန်း၊ ပရိဘောဂများနှင့် ရေ၊ မီး၊ မိလ္လာများ ပြည့်စုံလုံလောက်မှုရှိစေရေး ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းနေပျော်၍ စာတော်သော ကျောင်းသားကျောင်းသူများဖြစ်စေရေး စာသင်ကျောင်းများကို သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်ကောင်းများအဖြစ် အစဉ်ဖန်တီးပေးကြရန် တာဝန်ရှိသူများအား မှာကြားသည်။

အလားတူ ကရင်ပြည်နယ်အတွင်း ယခုနှစ်မိုးရာသီတွင် သစ်မျိုးပေါင်း ၁၅ မျိုး၊ ပျိုးပင်ပေါင်း ၂၁၅၀၀၀ ကို စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမြို့နယ် သစ်တောဦးစီးမှူးရုံး မြို့မပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၂ မျိုး၊ ပျိုးပင်ပေါင်း ၉၂၅၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မျိုးထွေးက ရှင်သန်ကြီးထွားစေရန် အကောင်းဆုံး အရွယ်ရှိသည့် အမြင့် နှစ်ပေနှင့်အထက် ပျိုးပင်များရရှိစေရေး ပျိုးထောင်ထားရှိမှုအခြေအနေ၊ မြို့နယ်များအလိုက် သစ်ပင်စိုက်ပွဲတော်အသွင်ဖြင့် စိုက်ပျိုးခြင်း၊တစ်ရွာ နှစ်ဧကစိုက်ပျိုးခြင်း၊ လမ်းဘေးဝဲ/ယာ စိုက်ပျိုးခြင်း၊ တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ကျေးလက်/ရပ်ကွက်ပြည်သူများသို့ ဖြန့်ဝေစိုက်ပျိုးခြင်း အစရှိသည့် နည်းလမ်းများဖြင့် အခမဲ့ဖြန့်ဝေစိုက်ပျိုးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြား၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မုံရွာမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းသင်ကြားလျက်ရှိ



မုံရွာ မေ ၃

တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း(အလုံ)တို့တွင် စခန်းသွင်းသင်ကြားလျက်ရှိသည်။ အဆိုပါကာလအတွင်း စိတ်အေးချမ်းသာစွာဖြင့် နေထိုင်စားသောက်မှု လုပ်ငန်းများ လိုအပ်ချက်မရှိဘဲ ပြည့်စုံလုံလောက်အောင် တာဝန်ရှိသူများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စခန်းသွင်း သင်ကြားနေချိန်အတွင်း သောက်သုံးရေ၊ လျှပ်စစ်မီးပျက်မှု မရှိစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ အိပ်ဆောင်၊ စားဆောင်၊ စာသင်ဆောင်များ သန့်ရှင်းသပ်ရပ်မှု ရှိစေရေးနှင့် စာမေးပွဲ ဖြေဆိုနေချိန်အတွင်း လုံခြုံအေးချမ်းစွာ ဖြေဆိုနိုင်ရေးတို့ကို တာဝန်ရှိသူများအနေဖြင့် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများကလည်း သင်ကြားရေး လုပ်ငန်းများကို နာ(၄)နာ စိတ်ဓာတ်အပြည့်ဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ပေးအပ်**

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆိုပါ စခန်းသွင်း သင်ကြားနေချိန်အတွင်း ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ်သိန်း ၁၀၀၀ နှင့် ကျောင်းသား ကျောင်းသူ ၄၅၄ ဦးအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ဧပြီ ၂၈ ရက်က ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား ကျောင်းသူ ၁၇၀ နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အလုံ)တွင် ကျောင်းသား ကျောင်းသူ ၁၈၄ ဦး ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ကျိုက်မရောမြို့နယ်၌ မွန်စာပေသင်တန်းဖွင့်

ကျိုက်မရော မေ ၃

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် နွေရာသီကျောင်းပိတ်ရက်ရှည်အတွင်း ကျောင်းသား ကျောင်းသူများအား အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန်နှင့် ငယ်စဉ်ကလေးဘဝမှ အစပြု၍ တိုင်းရင်းသားစာပေဖြစ်သည့် မွန်စာပေ၊ မွန်ဘာသာစကားတို့ကို ကျွမ်းကျင်စွာ ပြောတတ်စေရန်နှင့် အခြေခံမွန်စာပေကို ရေးတတ်ဖတ်တတ်စေရန် ရည်ရွယ်၍ အခြေခံမွန်စာပေသင်တန်းကို ယနေ့နံနက်ပိုင်းက ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ဖွင့်လှစ်သည်။

အဆိုပါ မွန်စာပေသင်တန်းကို ကျိုက်မရောမြို့ ဦးလေးကျေးရွာ မွန်စာပေနှင့် ယဉ်ကျေးမှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလေးကျောင်းတိုက် ဆရာတော်က ဦးဆောင်၍ မြို့နယ်ပညာရေးဌာနနှင့် ပူးပေါင်းကာ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သင်တန်းသို့ အခြေခံပညာကျောင်းအသီးသီးမှ မွန်တိုင်းရင်းသားလူမျိုးများ၊ မြန်မာကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၂၀ တက်ရောက်သင်ယူလျက်ရှိပြီး မွန်စာပေယဉ်ကျေးမှုကော်မတီမှ သင်တန်းနည်းပြ ဆရာ သုံးဦးတို့က နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ နေ့စဉ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကျိုက်မရော(ပြန်/ဆက်)

# စဉ့်ကိုင်မြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိ

စဉ့်ကိုင် မေ ၃

စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျောင်းများတွင် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား မေ ၂ ရက်မှ စတင်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

စဉ့်ကိုင်မြို့နယ်အနေဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့်ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေးနှင့် အောင်ချက်မြင့်မားစေရန် အထက(စဉ့်ကိုင်)တွင်



၂၉၄ ဦး၊ အထက(ဆည်ရွာ)တွင် ၃၆ ဦး၊ အထက(ဟင်းငုပ်)တွင် ၂၈ ဦး၊ အထက(ဘယ်လင်း)တွင် ၅၀၊ အထက(ပလိပ်)တွင် ၄၄ ဦး၊ အထက(စွန်ရဲ)တွင် ၂၆ ဦး၊ အထက(ခွဲ)(ကြက်မျှား)တွင် ၁၇ ဦး၊ အထက(ခွဲ)(ညှော့ပြ)တွင် ၃၃ ဦး၊ အထက(ခွဲ) (ထန်းတော)တွင် ၃၀၊ အထက(ခွဲ)(တဘက်ဆွဲ)တွင် ခြောက်ဦး၊ အထက(ခွဲ)(ရှမ်းကန်)တွင် သုံးဦး၊ အထက(ခွဲ) (ရွာဘို)တွင် ၁၇ ဦး၊ အထက(ခွဲ) (စော်ရဲ)တွင် ၃၂ ဦး၊ အထက(ခွဲ) (နတ်ရေကန်)တွင် ၁၂ ဦး၊ ပညာစံအိမ်ကိုယ်ပိုင်ကျောင်းတွင် ၇၉ ဦး၊ မြတ်စေတနာ ကိုယ်ပိုင်ကျောင်းတွင် ၂၆ ဦး၊ လင်းရောင်သစ် ကိုယ်ပိုင်ကျောင်းတွင် ၉၅ ဦးနှင့် ရွှေပညာသစ် ကိုယ်ပိုင်ကျောင်းတွင် ၇၈ ဦး စုစုပေါင်း ပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၉၀၆ ဦးတို့အား စခန်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ လေ့ကျင့်သင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပြန်လည်လေ့ကျင့်သင်ယူနိုင်ရန် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ လိုအပ်သည်များ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

# မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၃

တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ဝတ္ထုတို




ပိုင်ဆု(ပညာရေး)

(၁)

“မောလိုက်တာအမေရယ် နေကလည်းပူ အဆင်ကလည်းမပြေခဲ့ပါဘူး စိတ်လည်းကုန်ပါတယ် ဒါကြောင့် မျက်နှာသိဈေးမရောင်းနဲ့လို့ ပြောကြတာ ဟုး”

ထီးခေါက်ကြီးကို ခုံပေါ်တင်လိုက်ပြီး မောကြီးပန်းကြီး စကားဆိုလာသော သမီးကြီးချိုမာ၏အသံကြောင့် ဒေါ်အေး အခန်းထဲမှအပြင်သို့ ထွက်လာလိုက်သည်။ အိမ်ရှေ့ခန်းရှိ ဖျာကြမ်းကြီးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်နေသော သမီးကြီးကို မြင်တွေ့လိုက်ရသည်။

“သမီးကြီး ဘာဖြစ်လာပြန်ပြီလဲ၊ သမီးငယ်ဆီသွားတာ အဆင်မပြေခဲ့ဘူးလား”

“အဆင်မပြေပါဘူး အမေရယ်၊ တစ်ပတ်လောက်စောင့်ပါဦးတဲ့၊ သမီးလည်း ကိုယ့်ညီမဆိုတော့ ပြောရခက်တယ်၊ ကိုယ်ကကြားထဲကအာမခံပေးထားရတာလေ၊ အခုအတိုးတောင်မပေးလိုက်နိုင်တော့ စိုက်ပေးရဦးမယ်”

ဒေါ်အေး ဘာမှပြန်မပြောတော့ဘဲ သက်ပြင်းသာ ချလိုက်တော့သည်။ ယောက်ျားဖြစ်သူ ဆုံးပြီးကတည်းက တစ်ခုတည်းသော လက်ဝယ်ပိုင် အိမ်ကလေးကိုရောင်းချပြီး အိမ်ထောင်ကျသွားသော သမီးနှစ်ယောက်ကို အိမ်တစ်လုံးစီဝယ်ပေးခဲ့သည်။ ဒေါ်အေးကတော့ ယောက်ျားဖြစ်သူ၏ ပင်စင်လစာလေးနှင့် သမီးနှစ်ယောက်၏အိမ်တွင် တစ်လှည့်စီနေထိုင်ခဲ့သည်။ သမီးကြီးချိုမာနှင့် သမီးငယ်သူဇာ နှစ်ဦးလုံးသည် သိပ်၍အဆင်ပြေလှသည်မဟုတ်။ သူတို့၏ယောက်ျားတွေကလည်း ပန်းရန်၊ ဆေးသုတ် စသဖြင့် ကျပန်းလုပ်ကိုင်ကြသည်။ ထို့ကြောင့် ဒေါ်အေး၏ ကိုယ်ပိုင်ငွေများဖြင့် အိမ်အသုံးစရိတ်များကို ပံ့ပိုးပေးရသည်မှာလည်း အကြိမ်ပေါင်းမနည်း။ တစ်ခုကကောင်းသည်က သားမက်နှစ်ယောက်လုံးသည် အသောက်အစားကင်း၍ တော်သေးသည်ဟုဆိုရမည်။

“ဒါနဲ့ ပြောရဦးမယ်အမေရေ အမေ့သမီးက အကြွေးသာမဆပ်တာ သူ့အိမ်မှာ ဆန်အိတ်ကြီး တွေ့ခဲ့တယ်သိလား၊ သမီးတို့တောင် တစ်ပြည်ချင်းဝယ်စားနေရတာ သူတို့ကဆန်အိတ်နဲ့ ဘယ်တုန်းက ဘယ်လိုအဆင်ပြေထားလဲမသိဘူး၊ ဟွန်း အကြွေးကျတော့မဆပ်ဘူး”

သမီးကြီး၏ဆန်အိတ်ဆိုသောစကားကြောင့် ဒေါ်အေးစိတ်ထဲမှကြိတ်၍ ပြုံးလိုက်မိသည်။ ထို့နောက် ဒေါ်အေး၏ စိတ်အစဉ်သည် လွန်ခဲ့သောသုံးရက်က သမီးငယ်၏ အိမ်မှမပြန်ခင်အချိန်ကို ပြန်လည်ရောက်ရှိသွားခဲ့ရတော့သည်။

(၂)

“ဟယ် အမေ ဆိုက်ကားနဲ့ ဘယ်က ပြန်လာတာလဲဟင်၊ ဘေးမှာလည်း ဆန်အိတ်ကြီးနဲ့၊ ယောက်ျားရေ ကိုပြည့်စုံ ဆန်အိတ်ကိုလာသယ်ပါဦး”

ပြာပြာသလဲဖြစ်နေသော သမီးငယ်သူဇာကိုကြည့်ပြီး ဒေါ်အေး ဝမ်းနည်းဝမ်းသာဖြစ်ခဲ့ရသည်။ သမီးငယ်သည် သမီးကြီးလောက် အဆင်မပြေပေ။ သားသမီးကလည်း လေးယောက်ဆိုတော့ ပို၍ရုန်းကန်ရသည်။ သားမက်ဖြစ်သူ ပြည့်စုံကလည်း လည်လည်ပတ်ပတ် သိပ်မရှိသောကြောင့် ပို၍ခက်ခဲခြင်းဖြစ်သည်။ သမီးကြီး၏ယောကျ်ား မောင်ထူးနိုင်ကတော့ ပန်းရန်လုပ်သည့်အပြင် ပွဲစားလည်းရံဖန်ရံခါ လုပ်တတ်သေးတော့ အဆင်ပြေသည်။ မလိမ္မာသည်က သမီးကြီးချိုမာ။ ယောကျ်ားဖြစ်သူကရှာသလောက် သူကတော့ နှစ်လုံးလေးထိုးလိုက် ရပ်ကွက်ထဲ အံစာခေါက်လိုက်ဖြင့် အချိန်ကုန်နေခဲ့သည်။ ထို့ကြောင့်ပင် အကြွေးများတင်နေခြင်းဖြစ်သည်။ သားလေးတစ်ယောက်တည်း မွေးထား၍သာ တော်သေးသည်။

“အမေ ဆန်အိတ်ကြီး ဘာလုပ်ဖို့လဲ၊ ဒီနေ့ အစ်မတို့အိမ်ပြန်မယ်ဆိုတော့ ယူသွားဖို့လား”

သမီးငယ်သူဇာ၏ အသံကြောင့် ဒေါ်အေး အတွေးစပြတ်သွားသည်။ သားမက်ဖြစ်သူပြည့်စုံကတော့ ဆန်အိတ်ကိုအိမ်ပေါ်တင်ပြီး ဆန်အိတ်ဘေးတွင် ထိုင်နေသည်ကို တွေ့လိုက်ရသည်။

“မဟုတ်ပါဘူးကွယ် သမီးငယ်တို့ အိမ်အတွက်ပါ၊ ဒီနေ့သမီးတို့အဖေ့ပင်စင် သွားထုတ်ရင်းနဲ့ အမေတစ်ခါတည်း ဝယ်လာတာ”

“အမေရယ် သမီးတို့အတွက်ကရပါတယ်၊ အမေအကုန်အကျများပါတယ်”

“ရပါတယ်သမီးရယ်၊ ဒီလမောင်ပြည့်စုံလည်း အလုပ်ပါးတာ အမေသိပါတယ်၊ ဘာပဲဖြစ်ဖြစ် ဆန်လေးရှိတော့ ထမင်းတစ်အိုးအတွက် မပူရဘူးပေါ့”

“အမေရယ် ကျွန်တော်တို့လည်း အမေ့ကိုပေးရတယ်လို့မရှိဘူး၊ အမေက ချည်းပဲပေးနေတော့ မျက်နှာပူလာပြီ၊ စိတ်ချပါအမေရာ ကျွန်တော် အခုအဆင်မပြေသေးပေမယ့် နောက်အဆင်ပြေလာအောင်ကြိုးစားပါ့မယ်၊ အဲဒီအခါ အမေ့ကို အိမ်ဦးခန်းခေါ်ထားပြီး သေချာပြုစုမှာ”

သားမက်ဖြစ်သူ မောင်ပြည့်စုံ၏ စကားကြောင့် ဒေါ်အေးပီတိဖြစ်ခဲ့ရသည်တော့အမှန်။ မည်သို့ပင်ဆိုစေ သမီးဖြစ်သူ၏ အခက်အခဲတချို့ကို ကူညီဖြေရှင်းပေးနိုင်ခဲ့သည့်အတွက် ဒေါ်အေးကျေနပ်ခဲ့ရပါတော့သည်။

(၃)

သမီးငယ်ကိုသာ ဆန်အိတ်ဝယ်ပေးခဲ့သည်ကို သမီးကြီးသိလျှင် စိတ်မကောင်းဖြစ်မည်စိုးသောကြောင့် ဒေါ်အေး မပြောဖြစ်တော့ပေ။ သို့သော်လည်း သမီးငယ်၏ ပေးရမည့်အကြွေးမှ အတိုးဖိုးကို စိုက်ပေးလိုက်သောကြောင့် သမီးကြီး စိတ်ကျေနပ်သွားသည်ကိုတော့ သတိထားမိလိုက်သည်။

မိခင်ဆိုတော့လည်း ကိုယ့်သားသမီးများ၏ကြုံတွေ့နေရသည့်အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းပေးချင်မိသည်။ ခွန်အားမရှိတော့ပေမယ့် ပို၍သန်မာသည့် မေတ္တာတရားတွေ၏ တွန်းအားကြောင့် ဒေါ်အေး အသက် ၇၀ ကျော်သည့်တိုင်အောင်ပင် သွားနိုင်လာနိုင်တုန်းဖြစ်သည်။

မိမိအတွက် မျှော်လင့်ချက်ဆိုသည်ထက် သမီးများအဆင်ပြေဖို့ မျှော်လင့်ချက်တစ်ခုတည်းသာ ဒေါ်အေးထံတွင် ရှိတော့သည်။

“အမေ အမေ့သမီးရော”

သားမက်အကြီး မောင်ထူးနိုင် ရောက်လာခြင်းဖြစ်သည်။

“အေး မင်းမိန်းမ အပြင်ခဏ ထွက်သွားတယ်၊ ဘာဖြစ်လို့လဲသား”

“ချိုမာကလည်းလေ အရေးဆိုမရှိဘူး၊ ဒိုးဆက်ဝိုင်းတို့ အံစာဝိုင်းတို့ ရောက်ပြန်ပြီထင်တယ်”

“ဘာဖြစ်လို့လဲ အမေ့ကိုပြောလေ”

“ဟိုအလုပ်ကိစ္စလေး မြို့ထဲချိန်းထားလို့အမေရယ်၊ အဲဒါလမ်းစရိတ်လေး ပြန်လာယူတာ၊ သုံးထောင်လောက် အမေ့ဆီလွယ်လား၊ သားပြီးရင် ပြန်ပေးပါ့မယ်”

“အေး ယူလေသားရဲ့ ရော့”

“ကျေးဇူးပဲ အမေရာ သားသွားပြီ”

တစ်ခါမှပြန်မပေးခဲ့သလို အခုလည်း ပြန်ပေးမှာမဟုတ်မှန်း ဒေါ်အေးသိပေမယ့် ကြည်ဖြူစွာပင် ပေးလိုက်တော့သည်။ သမီးနှင့်ပတ်သက်ပြီး သားမက်တော် ရပေမယ့်လည်း ကိုယ့်သားသမီးတွေလိုပင် ဒေါ်အေး၏ မေတ္တာများစီးဆင်းပေးခဲ့ခြင်းဖြစ်သည်။

(၄)

သမီးငယ်အိမ်ရောက်တော့မှ ဒေါ်အေး ဥပုသ်စောင့်ရတော့သည်။ ဥပုသ်စောင့်ဖို့လည်း သတိမရပေ။ သမုဒယတောမှာ ကျင်လည်ပြီး မေ့လျော့နေခဲ့ခြင်းသာဖြစ်သည်။

“အမေ ဒီနေ့လပြည့်နေ့ အမေ ကုသိုလ်ရအောင်လို့ ဥပုသ်စောင့်လိုက်ပါလား၊ ဘုန်းကြီးကျောင်းဝေးရင်လည်း ပြဿနာမရှိဘူး၊ တီဗွီက သီလပေးတာ လာလိမ့်မယ်အမေရဲ့”

သမီးငယ်၏ သတိပေးစကားကြောင့်ပင် ဒေါ်အေး ဥပုသ်စောင့်ခဲ့ခြင်းဖြစ်သည်။ ငြိမ်းချမ်းမှု၏ အရသာကို ဒေါ်အေးခံစားလိုက်ရသည်။ သက်တမ်းအားဖြင့် သိပ်မကျန်တော့တဲ့အချိန်မှာ မိမိအတွက် ကျန်အောင်လည်း လုပ်ရဦးမည်ဆိုသည့် အသိလေးဝင်ရောက်လာခဲ့သည်။

ညနေစောင်းတော့ အိပ်ခန်းထဲမှာပင် ပုတီးစိပ်ပြီး ကုသိုလ်ယူနေလိုက်တော့သည်။ ထို့နောက် အိမ်အောက်သို့ခဏ ဆင်း၍ တရားမှတ်ပြီး လမ်းလျှောက်ဦးမည်ဟုဆုံးဖြတ်ကာ အခန်းဝသို့ထွက်ရန် ပြင်နေစဉ်မှာပင် ကြားလိုက်ရသော သမီးနှင့်သားမက်၏ အသံကြောင့် ခြေလှမ်းများ ရပ်တန့်သွားခဲ့ရသည်။

“မိန်းမ ဗိုက်ဆာလိုက်တာကွာ ဘာဟင်းချက်လဲ”

“ငါးဟင်းချက်တယ်တော်ရေ”

“ဒါနဲ့ အမေရောစားပြီးပြီလား မိန်းမ”

“ရှူးတိုးတိုးပြောပါတော်ရဲ့၊ အိမ်မှာ ဆန်နည်းနေလို့ ဒီနေ့အမေ့ကို ဥပုသ်စောင့်ခိုင်းထားလိုက်တယ်၊ အမေလည်း ကုသိုလ်ရတာပေါ့”

ဒေါ်အေး ဆက်နားထောင်မနေတော့ဘဲ အိပ်ရာပေါ်သို့ ပြန်ဝင်ထိုင်လိုက်တော့သည်။ ပါးပြင်ထက်ကျလာသော မျက်ရည်စများကို ပခုံးပေါ်မှတဘက်ဖြင့် သုတ်လိုက်ရင်းပြုံးလိုက်သည်။ မည်သူ့ကိုမှလည်း အပြစ်မတင်တော့ဘဲ စိတ်နှလုံးတွင် အေးချမ်းအောင် ကြိုးစားလိုက်တော့သည်။ မည်သို့သောတုံ့ပြန်မှုများကြောင့် ဒေါ်အေး၏ မေတ္တာတရားများ လျော့နည်းသွား၍မဖြစ်ပေ။ ဒေါ်အေးသည် မိခင်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် မပြယ်သောဝင်ရိုးပေါ်က မေတ္တာတရားများသည် ထာဝစဉ်စီးဆင်းနေဦးမည်ဖြစ်သည်။ သေချာတာကတော့ နောက်ရက်များတွင်လည်း ဒေါ်အေးတစ်ယောက် ကိုယ့်အသိစိတ်ဖြင့်ကိုယ် ဥပုသ်စောင့်ရဦးမည်ဖြစ်ပါတော့သည်။ ။

## စိတ်ထားမြတ်ပါစေ

❍ နှလုံးသားကို လှစေညား
စိတ်ထားလည်း မြတ်ပါစေ။
လူနဲ့လူ အချင်းချင်း
ရိုင်းပင်းကာလေ။
စိတ်သန္တာန်တို့ မညိုးသွေ
ဆတိုးဝေ ဖြူအောင်ထား။
ကိုယ်ချင်းစာ ပရစိတ်ရယ်နဲ့
ဖေးမစို့လား။

❍ ကိုယ့်ထက်သာ မစ္ဆရိယမထား
မုဒိတာပွား ကောင်းစိတ်ဝင်။
မေတ္တာကို အစဉ်ပြု
ရှေးရှုသူ့ဂုဏ်အင်။
မုန်းစိတ်တို့ ဖယ်ခွာကြဉ်
သန့်စင်ကြယ် ကျင့်ဝတ်မွေး။
ဖိုးထိုက်ပေ လူ့လောက
စိတ်နှလုံးအေး။

❍ စိတ်လှကို ရင်မှာမွေး
ကူညီပေး လိုအပ်သူ။
ကြင်နာစွာ နွေးထွေးမှုဖြင့်
ဖေးမလို့ကူ။
အပြစ်ရှာဖွဲ့ အနှစ်ဗလာလူ
အပြစ်မယူ မုန်းစိတ်ကင်း။
လူ့ဂုဏ်ရည် အလှစစ် ကိုလ
ထုဆစ်ပါမင်း။ ။

မောင်ချမ်းမြေ့(ပညာရေး)

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များအနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာ အပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်း မရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

**စာတည်းအဖွဲ့**

## လမြတ်ကဆုန်

* ဂိမှာန်နွေ ကဆုန်အတွင်း
မြေသင်းပျံ့ပျံ့ မိုးအနံ့ရှာ၊
တိမ်မဲတွေ မှုန်ရီမှိုင်း
တိုင်းရှစ်ခွင်ဝလာ၊
ရာသီပြိုသ တူယှဉ်ကာ
ဝိသာခါ နက္ခတ်ထွန်း၊
ရုပ်အသွင် နွားလားဥဿဘ
ထုတ်ပြပုံညွှန်း။

* စကားဝါ ရွှေရောင်လွှမ်းလို့
ပင်ယံနန်း မွှေးကြိုင်ကာ၊
ငွေစံပယ် ပင်ယံဦးမှာ
ဖူးငုံလို့ဖြာ၊
စိန်ပန်းတို့ နီတျာတျာ
မြိုင်ယံမှာ ငှက်တို့တေး၊
နာပျော်ဖွယ် ကြားရသည်က
နားဝမှာအေး။

* လပြည့်အခါ ဗျာဒိတ်ပေးလို့
ဖွားမြင်အေး အောင်ဗောဓိပင်၊
ပရိနိဗ္ဗာန် ရက်မြတ်ဆန်း
စံနန်းသို့ဝင်၊
ထူးမြတ်သည့် နေ့တစ်နေ့ပင်
မှန်းရှယ်ကာပင် ဂုဏ်တော်အထူး၊
သွန်းညောင်ရေ လပြည့်နေ့
မမေ့ရည်စူး။ ။

ပန်းမာလာ

---

## မိုးဦးဝသန်

* အုံ့ကာမှိုင်း အာကာဘောင်
တိမ်တောင်က ရွေ့လျား။
မုတ်သုံမောင် လေကြမ်းဖွဲ့တော့
ညှင်းသွဲ့ကစား။

* မိုးခေါ်သူ ကိုရွှေဖားရယ်က
အိုင်ဘေးနား ငြိမ့်ညောင်းသံ
နားဝင်ပီယံ။
နတ်စည်တေး ဂျိုးခြိမ့်ညံ
ထက်နဘံ လျှပ်ခွင်း။

* အမွှန်ရှင် ပြည့်စုံမိုးရယ်က
သွန်းဖြိုးကာဆင်း။
တို့တောင်သူ နွားပြာတစ်ရှဉ်းနဲ့
ထယ်ထွန်ရင်း လုပ်ခွင်ဝင်။

* ဝသန်ချိန် တို့လယ်ထဲမို့
ပျိုးကြဲပျော်ရွှင်။
အစုံစိုက် သီးနှံစုံလင်
မိုးဥတုတွင် အခါကောင်း။
ဓလေ့ကွယ် မွေ့ပျော်ပိုက်လို့
နှစ်ခြိုက်ပါကြောင်း။ ။

ရင်ခတ်ပန်း(စွယ်တော်)

---

ဆောင်းပါး

# လုံ့လခွန်အား မြှင့်တင်ပါ

■ မောင်ကြည်လင်(ရွှေကြိုးကြာ)

“ဘဝအရည်အသွေး ထက်မြက်တဲ့ ပုဂ္ဂိုလ် အကျော်အမော်ကြီးတွေဟာ ခုန်ကာပျံကာ အထွတ်အထိပ်သို့ ရောက်တာမဟုတ်ဘူး။ သူတို့ဟာ သူတို့ရဲ့ မိတ်ဆွေတွေ အိပ်ပျော်နေတဲ့ သန်းခေါင်ကျော်လင်းအားကြီးအချိန်မှာ လုံ့လဝီရိယနဲ့ ကြိုးစားအပင်ပန်းခံလုပ်ခဲ့ကြသူတွေ ဖြစ်ပါတယ်”ဟု ဘဝဒဿနဆရာကြီးတစ်ဦးက မိန့်ဆိုခဲ့ဖူးပါသည်။ လူတစ်ယောက် အောင်မြင်မှုရရန်အတွက် ထိုသူသည် အခြားသူများထက် လုံ့လစိုက်ထုတ်ရမည်။ ပျင်းရိစိတ်ကို ဖယ်ရှားနိုင်ရမည်။ မိမိလုံ့လခွန်အားကို မိမိကိုယ်တိုင် မြှင့်တင်နိုင်သူဖြစ်ကြရပါမည်။

ကျွန်တော်တို့ပတ်ဝန်းကျင်တွင် ပြောနေကြသည့် စကားတစ်ခွန်းရှိပါသည်။ လူတစ်ယောက် ထူးချွန်ထက်မြက်အောင်မြင်လာလျှင် “သူက ပါရမီရှိတာ၊ သူ့ပါရမီက ကောင်းလိုက်တာ၊ ပါရမီထူးလိုက်တာ”စသည်ဖြင့် ပြောဆိုတတ်ကြပါသည်။ ပါရမီဆိုသည်မှာ အလိုအလျောက်ရရှိလာကြသည်မဟုတ်ပေ။ မိမိကိုယ်တိုင်က ပြုကျင့်ပေးမှသာ တစ်ဆင့်ထက်တစ်ဆင့် တစ်နေ့ထက်တစ်နေ့ ရင့်သန်လာသည့် တရားသဘာဝဖြစ်ပါသည်။ “ငါတို့က ပါရမီမပါကြဘူး။ ဘာပဲလုပ်လုပ်အဆင်မပြေဘူး”ဟု ညည်းတွားနေကြသူများမှာ မည်သည့်အလုပ်ကိုမဆို လုံ့လစိုက်ထုတ်ခြင်း မရှိကြသူများသာ ဖြစ်ပါသည်။

“မင်း မပျံနိုင်ဘူးလား၊ ပြေးပါ၊ မင်းမပြေးနိုင်ဘူးလား၊ လမ်းလျှောက်ပါ၊ မင်းလမ်းမလျှောက်နိုင်ဘူးလား၊ တွားသွားပါ၊ ဘာပဲဖြစ်ဖြစ် မင်းရပ်မနေဖို့ အရေးကြီးပါတယ်”ဟူသော စကားကို မာတင်လူသာကင်းက ပြောကြားခဲ့ခြင်းဖြစ်သည်။ လူတချို့သည် သူတစ်ပါး၏ အောင်မြင်မှုကို ငေးကြည့်နေတတ်ကြပါသည်။ “အားကျလိုက်တာ၊ အောင်မြင်ချင်လိုက်တာ”ဟု ထိုင်ပြောနေ၍ အောင်မြင်မှု ရမည်မဟုတ်ပေ။ ထိုအောင်မြင်မှုဆီသို့ မိမိကိုယ်တိုင်က နည်းမှန်လမ်းမှန်ဖြင့် ကြိုးစားနိုင်သမျှ လုံ့လစိုက်ကြိုးစားနေရန်လိုအပ်ပါသည်။

“စင်စစ် အလုပ်ကိစ္စ ဟူသမျှသည် လုံ့လကြောင့်သာ ပြီးမြောက်ကြကုန်၏။ လုံ့လမပါဘဲ စိတ်အလိုအတိုင်း ပြီးမြောက်နိုင်ကြသည် မဟုတ်ကုန်။ လုံ့လသည် လူတိုင်းတွင်ထားရှိကြရမည်။ လုံ့လထားနိုင်မှု ခွန်အားအပေါ်မူတည်၍ အောင်မြင်တိုးတက်မှုလည်း ကွာခြားသွားကြပါသည်။

ယုန်နှင့်လိပ်၏ အပြေးပြိုင်ပွဲအကြောင်း ပုံပြင်ကို လူတိုင်းနီးပါး သိရှိကြပါသည်။ အပြေးပြိုင်ပွဲတွင် အပြေးမြန်သော ယုန်က ရှုံးသည်။ အလွန်အသွားနှေးသော လိပ်က အနိုင်ရသည်။ ကျွန်တော်ငယ်စဉ်က ယုန်အိပ်နေခြင်းကြောင့် အနိုင်မရခဲ့ခြင်းဟု တွေးမိခဲ့သည်။ ကျွန်တော့်နည်းတူ အများစုလည်း ထိုသို့ပင် တွေးခဲ့ကြပေလိမ့်မည်။ ကျွန်တော် ပညာရေးဝန်ထမ်းဖြစ်လာသောအခါ ဘာကြောင့် ယုန် အပြေးပြိုင်ပွဲတွင် ရှုံးသွားရသည်ကို သေချာစဉ်းစားလာမိသည်။ အမှန်စင်စစ် ယုန်သည် လုံ့လခွန်အားနည်းပါးခြင်းကြောင့်ဟု ဆိုရပေမည်။ ယုန်ကသာ လုံ့လကို ခွန်အားအဖြစ် အသုံးချခဲ့လျှင် လိပ်ထက်အဆပေါင်းများစွာ ဝေးအောင်ပြေးနိုင်မည်သာဖြစ်ပေသည်။ အောင်မြင်မှုအတွက် ယုန်သည် လုံ့လစိုက်ထုတ်ခဲ့ခြင်း မရှိခဲ့ပေ။ ကျွန်တော်တို့လိပ်လေး၏ လုံ့လစိုက်ထုတ်ပုံကို သင်ခန်းစာယူသင့်ပါသည်။ တစ်ခါတစ်ရံ အောင်မြင်မှုရရန် လုံ့လကို ပုံမှန်သတ်မှတ်တတ်ရပေမည်။ ထို့ပြင် သတ်မှတ်ထားသော လုံ့လနှင့်အညီ တိကျစွာလိုက်နာရန်လည်း လိုအပ်ပါသည်။ လိပ်လေးသည် လုံ့လကို မှန်မှန်သုံးယူသွားခြင်းပင်ဖြစ်ပါသည်။ လိပ်သည် လုံ့လခွန်အားကို တရွေ့ရွေ့အသုံးပြုသွားနိုင်သည်ကိုလည်း သတိမူမိလာပါသည်။

လုံ့လကို ခွန်အားမြှင့်တင်ရာတွင် အလျင်စလိုလုပ်ကိုင်ခြင်းမျိုးကို ရှောင်ရှားသင့်ပါသည်။ လောဘကြီးသူသည် အမှားများစွာ ကြုံတွေ့ရတတ်ပါသည်။ ထို့အတူပင် အလျင်စလို လုပ်ကိုင်တတ်ခြင်းသည်လည်း အမှားများကို လက်ယပ်ခေါ်နေခြင်းသာဖြစ်ပါသည်။

“ငါကတော့ ကံစီမံရာအတိုင်းပဲကွာ၊ ကံပဲပေါ့၊ ကံပါရင် အောင်မြင်မှာပါ” စသည်ဖြင့် လူအများ ပြောဆိုနေတတ်ကြသည်။ အမှန်တကယ် လုံ့လရှိကြသူများ၊ လုံ့လစိုက်ထုတ်သူများဖြစ်ပါက ကံကို ယိုးမယ်မဖွဲ့တတ်ကြပေ။ ကျွန်တော်တို့ ငယ်ငယ်က သင်ကြားခဲ့ရသည့် ပဥ္စဝုဓမင်းသား၏ လုံ့လခွန်အားမြှင့်တင်ပုံသည် အတုယူဖွယ်ကောင်းလှပါသည်။ အဘယ်ကြောင့်ဆိုသော် မင်းသားသည် သူရောက်ချင်သည့်ခရီးကို အန္တရာယ်မည်မျှ ကြီးမားနေပါစေ ရပ်တန့်မနေဘဲ ရောက်အောင်သွားခဲ့သည်။ လုံ့လအရာစံပြုထိုက်သူများတွင် ဇနကမင်းသားသည်လည်း အားကျဖွယ်ဖြစ်သည်။ ဇနကမင်းသားသည် ပင်လယ်ခရီးထွက်သောအခါ သင်္ဘောသည် ပင်လယ်ပြင်၌ နစ်လေသည်။ ထိုအခါ သင်္ဘောသားခုနစ်ရာတို့သည် ယောကျ်ားတို့၏ လုံ့လကို တစ်စုံတစ်ခုမျှ မပြုဘဲ ငိုကြွေးမြည်တမ်းလျက်ပင် ငါး၊ လိပ်၊ ငမန်းတို့၏အစာဖြစ်သွားကြသည်။ ဇနကမင်းသားသည် ယောကျ်ားတို့၏ လုံ့လဝီရိယကို မလျှော့ဘဲ ခုနစ်ရက်ပတ်လုံးပင်လယ်ပြင်၌ ကူးခတ်ခဲ့သည်။ ထိုအခါ မဏိမေခလာနတ်သမီးသည် မနီးမဝေးသော ကောင်းကင်မှ ကိုယ်ထင်ပြလေသည်။ ထို့နောက်တွင် ကောင်းမြတ်သော လုံ့လဖြင့်တည်း ကူးသလော၊ မူးရူးသောစိတ်ဖြင့်တည်း ကူးသလောဟု စုံစမ်းရန် တစ်ဖက်ကမ်းသို့ မရောက်နိုင်ရာသော ဤမဟာသမုဒ္ဒရာ၌ အပင်အပန်းကူးသဖြင့် အဘယ်အကျိုးထူးကိုရ၍ ကိုယ်ဆန္ဒပြည့်မည် ထင်မြင်ဖွယ်ရှိသောကြောင့် ကြိုးစားအားထုတ်ခြင်းကို ပြုဘိသလောဟု မေး၏။ ထိုအခါ ဘုရားအလောင်းသည် “နတ်သမီး ကောင်းစွာအားထုတ်သော ယောကျ်ားတို့၏ လုံ့လသည် အကျိုးမဲ့ဖြစ်ဖူးသည်မရှိ။ ဤသမုဒ္ဒရာကမ်းကို မမြင်ကာမျှနှင့် အဘယ့်ကြောင့် ယောကျ်ားတို့၏ လုံ့လကို လျှော့ထိုက်အံ့နည်း။ ကမ်းကိုမြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ အကျိုးကိုမြင်သဖြင့် ငါလုံ့လပြုသည်”ဟု ပြန်ပြောလေသည်။ ထို့ကြောင့် မည်သည့်အလုပ်ကိုမဆို ဇနကမင်းသား၏ ထုံးကို နှလုံးမူလျက် လုံ့လခွန်အားကို မြှင့်တင်သင့်ပါသည်။

“ဖြည်းဖြည်းပဲ လျှောက်လှမ်းနေတာကို မစိုးရိမ်ပါနဲ့၊ နေမြဲအတိုင်းရပ်နေမှာကို စိုးရိမ်ပါ”ဟူသော တရုတ်စကားပုံးတစ်ခု ကြားဖူးပါသည်။ ကျွန်တော်တို့ ပန်းတိုင်ဆီလျှောက်လှမ်းသည့်အခါတွင် ကိုယ့်အထွာနှင့်ကိုယ် လှောက်လှမ်းကြရပါမည်။ နှေးချင်လည်း နှေးနိုင်သည်။ မြန်ချင်လည်း မြန်နိုင်သည်။ ရပ်မနေရန်သာ အရေးကြီးပါသည်။ ထို့သို့လျှောက်လှမ်းမည်ဆိုပါက ပန်းတိုင်ကို ဆွတ်ခူးနိုင်ကြမည်သာ ဖြစ်ပါသည်။

“နဘိက္ခဝေ နိနေနအဂ္ဂဿ ပတိထဟောတိ- -အိုရဟန်းတို့ ပေါ့လျော့ညံ့ဖျင်းသော လုံ့လဖြင့် မွန်မြတ်သော နေရာဌာနသို့ မရောက်နိုင်”ဟု ဗုဒ္ဓက ဟောကြားတော်မူခဲ့ပါသည်။ လူတိုင်းသည် ကောင်းမွန်သောအလုပ်ဖြင့် မွန်မြတ်သောဌာနတွင် အောင်ပန်းဆင်နိုင်စေရန် လုံ့လခွန်အားကို မြှင့်တင်၍ ကြိုးစားကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

> ဘုရားအလောင်းသည် “နတ်သမီး ကောင်းစွာအားထုတ်သော ယောကျ်ားတို့၏ လုံ့လသည် အကျိုးမဲ့ဖြစ်ဖူးသည်မရှိ။ ဤသမုဒ္ဒရာကမ်းကို မမြင်ကာမျှနှင့် အဘယ့်ကြောင့် ယောကျ်ားတို့၏ လုံ့လကို လျှော့ထိုက်အံ့နည်း။ ကမ်းကိုမြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ၊ အကျိုးကိုမြင်သဖြင့် ငါလုံ့လပြုသည်”ဟု ပြန်ပြောလေသည်။ ထို့ကြောင့် မည်သည့်အလုပ်ကိုမဆို ဇနကမင်းသား၏ ထုံးကို နှလုံးမူလျက် လုံ့လခွန်အားကို မြှင့်တင်သင့်

---

## အများအကျိုး ထမ်းရွက်သယ်ပိုး

* အများအကျိုးအတွက်
ထမ်းပိုးရွက် ဖေးမကူ၊
မနာလို ဝန်တိုကင်း
သန့်ရှင်းကြည်ဖြူ။

* ကိုယ့်တန်ဖိုး မြှင့်ကာထူ
ဘဝဟူသည် တစ်ခဏ၊
ကိုယ့်ဝန်းကျင် ကောင်းကျိုး
သယ်ပိုးထာဝရ။

* မကောင်းမှုတွေ ရှောင်ရှားကြ
ထောင်လွှားမာန အတ္တတွေ၊
စိတ်သန္တာန် ကိုယ့်ရင်တွင်း
ကင်းရှင်းပါစေ။

* အမုန်းမရှိ အချစ်တွေ
ပေါက်ဖွားစေ ရှင်သန်လျက်၊
အချင်းချင်းကို ဖေးကူလို့
လျှောက်စို့ရှေ့ဆက်။

* မေတ္တာကို ရင်ဝယ်ဖက်
လက်ချင်းဆက် ရှေ့ဆက်ကာ၊
အများလိုအင် ဖြည့်ဆည်းပေး
နွေးထွေးကြင်နာ။

* အများကောင်းစား မုဒိတာ
ပွားများကာ ကြည်နူးလို့၊
ရခဲလှ လူ့ဘဝဝယ်
ထုဆစ်မယ် အများကောင်းကျိုး
သယ်ပိုးကြစို့။ ။

ချစ်သက်(မြန်မာစာ)

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မော်လမြိုင်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး



မော်လမြိုင် မေ ၃

မော်လမြိုင်မြို့ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများသည် ယနေ့နံနက်ပိုင်းက တောင်ရိုးတန်းလမ်း ဦးဇိနဘုရားအနီးပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြရာတွင် တောင်ရိုးတန်းလမ်း ဦးဇိနဘုရားအနီးပတ်ဝန်းကျင်ရှိ သစ်ပင်ချုံနွယ်များ၊ အမှိုက်များရှင်းလင်းခြင်း၊ လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်သည့် သစ်ပင်ကြီး များ ခုတ်ထွင်ရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြသည်။

မော်လမြိုင်မြို့နယ် တောင်ရိုးတန်းလမ်းသည် အများပြည်သူများ စိတ်အပန်းဖြေလာရောက်သည့် နေရာဒေသဖြစ်ပြီး ဘုရားဖူးပြည်သူများ လာရောက်လည်ပတ်သည့် စေတီ၊ ပုထိုးများစုံရာ နေရာဖြစ်ခြင်း၊ ကျန်းမာရေးလိုက်စားသူများ ကိုယ်လက်လှုပ်ရှားအားကစားများဆောင်ရွက်ခြင်းတို့ လုပ်ဆောင်လေ့ရှိသဖြင့် ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပပြီး လေကောင်းလေသန့် ရရှိရေး အလေးထားဆောင်ရွက်ကြရန်နှင့် မြို့နယ်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်ရေး အလေးထားကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

**စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်**

မွန်ပြည်နယ်အတွင်း မြို့နယ်အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာများတွင် သန့်ရှင်းသာယာလှပစေရေးအတွက် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်လျက်ရှိပြီး အခြေခံပညာစာသင်ကျောင်းများတွင်လည်း ကျောင်းသန့်ရှင်းသာယာလှပစေရေးအတွက် ကျောင်းအကျိုးပြု စုပေါင်းသန့်ရှင်းရေးကို အပတ်စဉ် ပုံမှန်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

# ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်ပွဲကျင်းပ



ရန်ကုန် မေ ၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် နွေရာသီအခြေခံအားကစား(တိုက်ကွမ်ဒို၊ ကရာတေးဒို)သင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး အားကစားနည်းပြများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ တာဝန်ရှိသူများက အားကစားသင်တန်းတက်ရောက်သည့် သင်တန်းသားသင်တန်းသူများအား အာဟာရမုန့်များ ပေးအပ်ကြသည်။

အဆိုပါ အားကစားသင်တန်းများကို သင်တန်းကာလ တစ်လကြာ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး တိုက်ကွမ်ဒို သင်တန်းသား ၅၀နှင့် ကရာတေးဒို သင်တန်းသား ၃၀ တို့ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

နေမျိုးအောင်



# တာမွေမြို့နယ်၌ နွေရာသီပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲအခမ်းအနားကျင်းပ

တာမွေ မေ ၃

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် နွေရာသီပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က အဖွင့်အမှာစကားပြောကြားပြီး ပန်းချီဆရာ ဦးစိန်ဝင်းက သင်တန်း၌ ထူးချွန်ဆုရရှိခဲ့သည့် ပန်းချီလက်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နွေရာသီပန်းချီရေးဆွဲနည်းသင်တန်း၌ ထူးချွန်ဆုရရှိခဲ့ကြသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။ အဆိုပါ နွေရာသီပန်းချီရေးဆွဲနည်းသင်တန်းကို ဧပြီ ၂၃ ရက်မှ မေ ၂ ရက်အထိ ၁၀ ရက်ကြာ အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# အလုံမြို့နယ်၌ ပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ




အလုံ မေ ၃

အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပန်းချီရေးဆွဲနည်းသင်တန်းဆင်းပွဲနှင့် ပန်းချီပြိုင်ပွဲတွင် ဆုရသင်တန်းသား သင်တန်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

**ဆုများ ချီးမြှင့်**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်စိုးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိခဲ့သည့် သင်တန်းသား သင်တန်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးအောင်စိုးနှင့် တက်ရောက်လာကြသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ Book Club အဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများနှင့်မိဘများ တတ်ရောက်ခဲ့ကြပြီး ကလေးအလုပ်သမားပပျောက်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ပေါင်းတည်မြို့နယ်၌ ကာယပညာနှင့်အားကစားအခြေခံနည်းပြမွမ်းမံသင်တန်းဖွင့်

ပေါင်းတည် မေ ၃

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ ကာယပညာနှင့် အားကစားအခြေခံနည်းပြ မွမ်းမံသင်တန်းကို အ-ထ-က(ပေါင်းတည်)၌ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အဆိုပါသင်တန်းသို့ အခြေခံပညာကျောင်းများမှ ကာယနည်းပြဆရာများအပါအဝင် ဆရာ ဆရာမ ၄၀ တက်ရောက်လျက်ရှိပြီး ကိုယ်လက်လေ့ကျင့်ခန်း၊ အခြေခံကြံ့ခိုင်ရေး လေ့ကျင့်ခန်း၊ အခြေခံအားကစားနည်းမျိုးစုံနှင့် Fitness Exercise များကို သင်ကြားပေးလျက်ရှိသည်။

သင်တန်းကို မြို့နယ်ပညာရေးမှူးရုံးမှ အားကစားနှင့်ကာယပညာ ဒုတိယဦးစီးမှူး ဦးလင်းလင်းထွဋ်က အခြေခံပညာကျောင်း အားကစားနှင့် ကာယပညာကော်မတီအဖွဲ့ဝင်များနှင့်အတူ အနီးကပ်ကြီးကြပ်သင်ကြားပို့ချလျက်ရှိပြီး သင်တန်းကာလမှာ မေ ၂ရက်မှ ၄ ရက်အထိ ဖြစ်ကြောင်း သိရသည်။

ရွှေသား(IPRD)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# နတ်မောက်မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံရေး နှမ်းများ စိုက်ပျိုးလျက်ရှိ



**နတ်မောက် မေ ၃**

မကွေး တိုင်းဒေသကြီး နတ်မောက်မြို့နယ် အတွင်းရှိ ဒေသခံ တောင်သူများသည် မြေအောက်ရေပေးသွင်း၍ ဒေသတွင်း စားသုံးဆီဖူလုံရေး နှမ်းများ စိုက်ပျိုးလျက်ရှိသည်။

ကျေးလက်နေ ပြည်သူများ အနေဖြင့် ဒေသတွင်းစားသုံးဆီဖူလုံရေးအတွက် နွေ၊ မိုး၊ ဆောင်း ကာလများတွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းများစိုက်ပျိုးကြကြောင်း၊ မိုးဦးကာလစိုက်ပျိုးသည့် နှမ်းနှင့်အတူ မိုးကောင်းခြင်းကြောင့် ပေါင်းမြက်များ ရှင်းလင်းခ ပိုမိုကုန်ကျကြောင်း၊ ဆောင်းရာသီနှင့် နွေရာသီကာလများတွင် မြေအောက်ရေ ပေးသွင်း၍ စိုက်ပျိုးပြီး ဂျောင်းလိုက်ခြင်းကို ပုံမှန်ပြုလုပ်ပေးပါက ပေါင်းမြက်ရှင်းလင်းရန် လုပ်အားငွေ ရမ်းခ ကုန်ကျမှုသက်သာကြောင်း၊ နှမ်းများ စိုက်ပျိုးရာတွင် ယခင်ကကဲ့သို့ ဂျောင်းစနစ်၊ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြသူများရှိသလို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပေးမှုကြောင့် ပေါင်ကြီးတင်စနစ်ဖြင့် နှမ်းများစိုက်ပျိုးလာကြကြောင်း၊ နတ်မောက်မြို့နယ်တွင် မြေအောက်ရေပေးသွင်းခြင်းဖြင့် နှမ်း ၅၆၉ ဧကစိုက်ပျိုးကြပြီး ဘုန်းတော်ပြည့်ကျေးရွာနှင့် အင်းကုန်းကျေးရွာများတွင် ပေါင်ကြီးစနစ်ဖြင့် ၉၅ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**မူမူစန်း**

# ဆီဆိုင်မြို့နယ်၌ မိသားစုဝင်ငွေရရှိရေး မုန့်လုပ်နည်းသင်တန်းဖွင့်လှစ်ပေး



**ဆီဆိုင် မေ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မုန့်လုပ်နည်း ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၈ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ခင်မော်က အမှာစကားပြောကြားသည်။ ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့မှ အဖွဲ့ဝင်များက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများနှင့် သင်တန်းအထောက်အကူပြုချီးမြှင့်ငွေတို့ကို ပေးအပ်ကြရာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ လက်ခံရယူခဲ့ကြသည်။

အဆိုပါသင်တန်းကို ဆီဆိုင်မြို့နယ်အတွင်းရှိ သင်တန်းသူ ၂၂ ဦး တက်ရောက်ကြပြီး ရွှေကြည်ဆနွင်းမကင်း၊ နံကထိုင်၊ ကွတ်ကီးမုန့်ပြုလုပ်နည်းတို့ကို စာတွေ့/လက်တွေ့ဖြင့် တစ်ရက်တာသင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့်လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ) ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသော ဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမည်ဆိုပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊

(၅) အသက်အရွယ်တူ ဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက် သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်း သတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်း ရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကိုပါ လုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေးတစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်းမပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။




နေရောင်ခြည်နှင့်မထိတွေ့စေရန်ထီး၊ဦးထုပ်ဆောင်းပါ။ | ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။ | နေပူထဲသွားပါက နေကာမျက်မှန် တပ်ဆင်ပါ။ | နေပူထဲသွားပါက နေရောင်ခံလိမ်းဆေး လိမ်းပါ။

မတ်လ၊ ၂၀၂၅ ခုနှစ်

# ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

**နေပြည်တော် မေ ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလ ဗေဒညွှန်ကြားမှု ဦးစီးဌာနသည် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး) ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5μg) နှင့် အောက်သေးငယ်သော အမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး $PM_{2.5}$ စောင့်ကြည့်တိုင်းတာခြင်း လုပ်ငန်းကို ၂၆-၃-၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၄ ရက်၊ ၇ ရက်နေ့မှ ၁၇ ရက်နေ့အထိနှင့် ၁၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေး အညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ် ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဧပြီလ ၁၇ ရက်နှင့် ၂၉ ရက်နေ့တို့သည် AQI Range 0–50 အတွင်းတွင် ရှိသောကြောင့် ကောင်းမွန်သော အဆင့် (Good)၊ ၁၊ ၈ ရက်နှင့် ၉ ရက်နေ့တို့သည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group)နှင့် ကျန်ရက်များသည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့်အသင့်အတင့်အဆင့် (Moderate) ဖြစ်ကြောင်း တွေ့ရှိရသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန် (ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဧပြီလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂ ရက်၊ အသင့်အတင့်အဆင့်၌ ၁၈ ရက်နှင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကို ထိခိုက်စေသောအဆင့်၌ ၃ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရသည်။

**မိုး/ဇလ**

ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ




လေအရည်အသွေးအညွှန်းကိန်း (AQI) အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် - လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် မေ ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မိုးလေဝသနှင့် ဇလ ဗေဒညွှန်ကြားမှု ဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေး ကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသော မိုးရေများကို စုဆောင်းကာ မိုးရေတွင်အက်စစ်ဖြစ်ထွန်းမှု အခြေအနေများကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်း လုပ်ငန်းများကို လစဉ် ဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဧပြီလအတွင်း စခန်း ၃၀ တို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့သည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၀ တို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့်သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဧပြီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၀ တို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေမရှိကြောင်း တွေ့ရှိရသည်။

**မိုး/ဇလ**

မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၉ | ၁၆ | အောင်လံ | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ | ၁၇ | စစ်တွေ | ၆.၉ |
| ၃ | တောင်ကြီး | ၆.၈ | ၁၈ | ပြည် | ၆.၅ |
| ၄ | မိုင်းဆတ် | ၆.၅ | ၁၉ | ပဲခူး | ၆.၆ |
| ၅ | ကျိုင်းတုံ | ၇.၀ | ၂၀ | တောင်ငူ | ၆.၇ |
| ၆ | စစ်ကိုင်း | ၇.၂ | ၂၁ | ပုသိမ် | ၆.၅ |
| ၇ | ဟုမ္မလင်း | ၇.၁ | ၂၂ | မအူပင် | ၆.၇ |
| ၈ | ညောင်ဦး | ၆.၆ | ၂၃ | ဟသ်ာတ | ၆.၅ |
| ၉ | မုံရွာ | ၇.၁ | ၂၄ | မော်လမြိုင် | ၆.၆ |
| ၁၀ | ပျဉ်းမနား | ၆.၇ | ၂၅ | ဘီးလင်း | ၆.၆ |
| ၁၁ | ပြင်ဦးလွင် | ၆.၉ | ၂၆ | ဘားအံ | ၇.၁ |
| ၁၂ | ကလေးဝ | ၆.၉ | ၂၇ | ကော့ကရိတ် | ၆.၅ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၆.၉ | ၂၈ | ထားဝယ် | ၆.၆ |
| ၁၄ | မှော်ဘီ | ၆.၈ | ၂၉ | မြိတ် | ၆.၇ |
| ၁၅ | မကွေး | ၇.၀ | ၃၀ | ကော့သောင်း | ၆.၈ |

# MNL ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း နိုင်ငံခြားသားကြံ့ခိုင်ရေးနည်းပြနှင့် ဂျပန်နောက်ခံလူ ခေါ်ယူ

ရန်ကုန် မေ ၃

လက်ရှိကျင်းပနေသည့် MNL League Cup ပြိုင်ပွဲနှင့် ယခုရာသီအတွင်းယှဉ်ပြိုင်ရမည့် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲများအတွက် ပြင်ဆင်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် နိုင်ငံခြားသားကြံ့ခိုင်ရေးနည်းပြနှင့် ဂျပန်နောက်ခံလူတို့ ခေါ်ယူအားဖြည့်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ကစားသမားများ၏ ကြံ့ခိုင်မှုကောင်းမွန်စေရန် စပိန်နိုင်ငံသား ကြံ့ခိုင်ရေးနည်းပြ ဖယ်ရန်ဖာနန်ဒက်ဇ်ကို ခေါ်ယူလိုက်ပြီဖြစ်သည်။ ဖယ်ရန်ဖာနန်ဒက်ဇ်သည် အသက် ၂၅ နှစ်သာရှိသေးပြီး Sports Science အထူးပြုဘွဲ့လွန်တက်ရောက်နေခြင်းဖြစ်ပြီး ယခင်က စပိန်တတိယတန်းကလပ်တွင် ကြံ့ခိုင်ရေးနည်းပြအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့ပြင် ရှမ်းယူနိုက်တက်အသင်းသည် လာမည့်ရာသီအတွက် နိုင်ငံခြားသားကစားသမားအသစ်သုံးဦး ထပ်မံခေါ်ယူမည်ဖြစ်ပြီး ပထမဆုံးခေါ်ယူမှုအဖြစ် ဂျပန်နောက်ခံလူ ယုကီအီဇူအား ခေါ်ယူလိုက်ပြီဖြစ်သည်။ ၎င်းသည် နောက်တန်းအတွင်းနေရာသာမက အစွန်နေရာတွင်ပါ ကစားနိုင်သူဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ပြည်တွင်းကစားသမားသစ် သုံးဦးခေါ်ယူထားပြီး နိုင်ငံခြားသားကစားသမားများ ထပ်မံခေါ်ယူမည်ဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ၂၀၂၅-၂၀၂၆ ရာသီတွင် ပြည်တွင်းပြိုင်ပွဲအဖြစ် MNL League Cup ပြိုင်ပွဲ၊ MNL အမှတ်ပေးပြိုင်ပွဲ၊ နိုင်ငံတကာပြိုင်ပွဲအဖြစ် အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ၊ AFC Challenge League ပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပြီးခဲ့သည့်ရာသီတွင် ပြည်တွင်းပြိုင်ပွဲနှစ်ခုစလုံး ဗိုလ်စွဲထားသလို အမှတ်ပေးပြိုင်ပွဲတွင် စံချိန်တင်အောင်မြင်မှုများစွာ ရယူနိုင်ခဲ့သည်။ အမှတ်ပေးချန်ပီယံဆုကို စံချိန်တင် ခြောက်ကြိမ်မြောက်နှင့် ငါးရာသီဆက်တိုက်၊ တစ်ရာသီလုံးရှုံးပွဲမရှိစံချိန် လေးရာသီမြောက်နှင့် သုံးရာသီဆက်တိုက် စသည့်စံချိန်ကောင်းများ ပိုင်ဆိုင်ခဲ့သည်။ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေက "ကျွန်တော်တို့အသင်းက ဒီရာသီမှာ ပြည်တွင်းပြိုင်ပွဲနှစ်ခုနဲ့ ပြည်ပပြိုင်ပွဲနှစ်ခု ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ပြည်တွင်းပြိုင်ပွဲနှစ်ခုဖြစ်တဲ့ MNL League Cup ပြိုင်ပွဲနဲ့ MNL အမှတ်ပေးပြိုင်ပွဲနှစ်ခုစလုံးမှာ ချန်ပီယံဆုကာကွယ်နိုင်ဖို့ ကြိုးစားမှာဖြစ်သလို ပြည်ပပြိုင်ပွဲနှစ်ခုဖြစ်တဲ့ အာဆီယံကလပ်ပြိုင်ပွဲနဲ့ AFC Challenge League ပြိုင်ပွဲမှာလည်း ပြီးခဲ့တဲ့နှစ်ထက် ရလဒ်ပိုကောင်းဖို့၊ အဆင့်တက်လှမ်းနိုင်ဖို့ လိုအပ်တာတွေ လုပ်ဆောင်နေပါတယ်။



ရှမ်းယူနိုက်တက်အသင်း ခေါ်ယူခဲ့သည့်
စပိန်ကြံ့ခိုင်ရေးနည်းပြ ဖယ်ရန်ဖာနန်ဒက်ဇ်

အသင်းပြင်ဆင်မှုအပိုင်းနဲ့ ကစားသမားသစ် ခေါ်ယူမှုအပိုင်းကို နည်းပြချုပ်နဲ့ အသင်းအမှုဆောင်အရာရှိချုပ်တို့က အဓိကလုပ်ဆောင်နေပါတယ်။ အသင်းကစားကွက်နဲ့ လိုအပ်မယ့် ကစားသမားသစ်တွေ ခေါ်ယူထားပါတယ်။ ပြည်တွင်းကစားသမား သုံးဦးခေါ်ယူထားသလို ပြည်ပကစားသမား သုံးဦး အသစ်ခေါ်ယူထားပါတယ်။ နိုင်ငံခြားသားကစားသမားတွေကတော့ MNL League Cup ပြိုင်ပွဲကျင်းပနေတဲ့ကာလအတွင်း ရောက်ရှိလာမှာပါ။ ပြီးခဲ့တဲ့နှစ်က ကစားခဲ့တဲ့သူတွေထဲက အရည်အချင်းရှိပြီး အသင်းအတွက် ပေးဆပ်ခဲ့တဲ့သူတွေထဲက တချို့ကိုတော့ ပုံမှန်ကစားခွင့်ရဖို့အတွက် သူတို့ရဲ့ ရှေ့ရေးကိုကြည့်ပြီး အသင်းကနေ ထွက်ခွာခွင့်ပြုခဲ့ရတာတွေ ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ရာသီသစ်မှာယှဉ်ပြိုင်ရမယ့် ပြည်တွင်းပြိုင်ပွဲနှစ်ခုစလုံးမှာ ချန်ပီယံဆုကာကွယ်နိုင်ဖို့ ကြိုးစားမှာဖြစ်ပြီး အမှတ်ပေးပြိုင်ပွဲမှာ စံချိန်သစ်ပေါင်းများစွာနဲ့ အောင်မြင်မှုရနေတာကိုလည်း လာမယ့်ရာသီမှာ သမိုင်းသစ်တွေ ထပ်မံရေးထိုးနိုင်ဖို့ ကြိုးစားမှာပါ။ ကစားသမားတွေကလည်း ရှမ်းယူနိုက်တက်အသင်းတံဆိပ်ကို ရင်ဘတ်အပေါ်တင်လိုက်ကတည်းက အကောင်းဆုံးကြိုးစားကြတဲ့အတွက် အောင်မြင်မှုတွေ ထပ်မံရယူနိုင်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-SUFC**

---

❖ **ကျောဖုံးမှ**

အခုပွဲစဉ်မှာ မန်စီးတီးအသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းဟာ အခုဘောလုံးရာသီကုန်ပါက မန်စီးတီးအသင်းကနေ ထွက်ခွာတော့မှာဖြစ်ပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံးကစားသမားအဖြစ်လည်း ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် (၃၅)အပြီးမှာ ရမှတ် ၄၁ မှတ်သာရရှိခဲ့တာကြောင့် အမှတ်ပေးဇယား အဆင့်(၁၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

မေ ၃ ရက်ညပိုင်းမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ပရီမီယာလိဂ်ပွဲစဉ်တွေမှာတော့ အက်စ်တွန်ဗီလာအသင်းက ဖူလ်ဟမ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အက်စ်တွန်ဗီလာအသင်းနဲ့ ဖူလ်ဟမ်အသင်းတို့ပွဲစဉ်မှာ အက်စတွန်ဗီလာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကိုတော့ ပထမပိုင်းပွဲကစားချိန် ၁၂ မိနစ်မှာ တီလီမန်က သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

---

❒ **မြန်မာ့လက်ရွေးစင်မှ**

နောက်ဆုံးခြေစမ်းပွဲအဖြစ် မေ ၃ ရက်က Black Pearl United အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ခြောက်ဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။

**သုံးပွဲစလုံး အရေးနိမ့်ခဲ့**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဧပြီ ၂၆ ရက်မှ မေ ၃ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားရာ သုံးပွဲစလုံး အရေးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဧပြီ ၂၈ ရက်တွင် SWU Imane အသင်းကို လေးဂိုးပြတ်၊ မေ ၁ ရက်တွင် ထိုင်းကလပ် Thammasat Stallion အသင်းကို သုံးဂိုး-နှစ်ဂိုး၊ မေ ၃ ရက်တွင် Black Pearl United အသင်းကို ခြောက်ဂိုး-နှစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းကို ထိုင်းနိုင်ငံသား နည်းပြချုပ် ပတ္တရားပီခွန်က ကိုင်တွယ်နေပြီး ယခုခရီးစဉ်သို့ ကစားသမား ၁၉ ဦး ခေါ်ဆောင်သွားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

❃ FIFA-MFF မှ

JV အသင်းက Generations အသင်းကို လေးဂိုး-နှစ်ဂိုး၊ Winner Soccer အသင်းက YRG အသင်းကို လေးဂိုး-တစ်ဂိုး၊ YCDC MHDT အသင်းက MIU အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲစဉ်အပြီးတွင် YCDC MHDT အသင်းက ရမှတ် ၁၃ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး Winner Soccer အသင်းနှင့် ဖူဆယ်ချစ်သူအသင်းက ၁၂ မှတ်စီ၊ YRG အသင်းနှင့် Pacific Sun Far အသင်းက ရှစ်မှတ်စီ၊ FFU မင်းမဟော်အသင်းနှင့် VUC ULAD အသင်းက ခုနစ်မှတ်စီ၊ MIU အသင်းက ခြောက်မှတ်၊ Royal Noka အသင်းက ငါးမှတ်၊ Generations အသင်းက လေးမှတ်၊ JV အသင်းက သုံးမှတ်ရရှိထားပြီး ရွှေပြည်သာယူနိုက်တက်အသင်းသည် အမှတ်လျော့ပြစ်ဒဏ်ချမှတ်ခံထားရသဖြင့် (-၆)မှတ်ဖြစ်နေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF**

---

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၅၀)ရပ်ကွက်၊ ဒူးယား(၄)လမ်း၊ အမှတ် (၅၈၄)၊ မြေအကျယ်အဝန်း(အလျား၄၁xအနံ၆၀)ပေရှိ (ဂရန်မူရင်း)မြေနှင့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် မစ္စတာအီးအိချ်ဒေးဗစ်(ခ)ဦးလှဒင်(CJ -035683) အမည်ဖြင့် မှတ်သားထားပြီး၊ လက်ရှိပိုင်ဆိုင်ထားသော ဒေါ်ဝေဝေလှိုင်[၁၂/မရက(နိုင်)၁၀၇၀၈၇] မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံပြောဆိုလျှက် ရောင်းချရန်ကမ်းလှမ်းချက်အား ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်လှိုင် [၁၂/ဗဟန (နိုင်)၀၇၅၁၃၆]နှင့် ဒေါ်သော်တာလွင် [၁၂/သဃက(နိုင်)၀၀၂၆၁၄]တို့မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့် နေ့မှစ၍ (၁၄) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်သင်းသင်းဝါ (LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၅၄၈၂၄)**

**အမှတ်(၆၅၆)၊ ပိတောက်ရွှေဝါလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**

**ဖုန်း ၀၉-၂၅၃၄၂၃၂၅၅၊ ၀၉-၇၇၀၀၈၈၃၁၀**

## အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ကျည်တောင်ကန်ကျေးရွာအုပ်စု၊ နှမ်းခင်းကြီးကျေးရွာ၊ အိမ်အမှတ်(န/၁၃၁) အကျယ်အဝန်း(၄၇x၅၃)ပေဟု ခေါ်တွင်သော မြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးမင်းသန်းနိုင်(ဘ)ဦးသိန်းနိုင် [၉/ရမသ(နိုင်)၁၈၆၇၈၂]က တရားဝင် လက်ရောက်ပိုင်ဆိုင်သောမြေကွက်ဖြစ်ပြီး လက်ဝယ်ထားရှိ ပိုင်ဆိုင်လာခဲ့သည်မှာ မှန်ကန်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ကတိပြုပါသည်။ ဦးမင်းသန်းနိုင်(ဘ)ဦးသိန်းနိုင်[၉/ရမသ(နိုင်)၁၈၆၇၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက (၁၅-၅-၂၀၂၅)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါသည့် ရက်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ဆုဆုလှိုင်(LL.B)**

**အထက်တန်းရှေ့နေ (စဉ်-၅၃၈၉၅)(၂၀-၁၁-၂၀၂၀)**

**အမှတ်(ပ-၃၀၈၁၈)၊ ဇဝနဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။**

တရားမပုံစံအမှတ် - ၃၄

## ကိုယ်တိုင်လာရောက်စေရန်ဆင့်စာ

## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၃)

## လှည်းကူးခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၆

| | | |
|---|---|---|
| ဒေါ်မိချိုချိုနွယ် | နှင့် | ၁။ ဦးမောင်ထိုင် (ကွယ်လွန်သူ ဒေါ်မိသန်းစိန်၏ တရားဝင်ကိုယ်စားလှယ်) |
| | | ၂။ ဦးမင်းကွန်စွန်း (ကိုယ်တိုင်နှင့် အမှတ် ၃၊ ၄၊ ၅၊ ၆ တရားပြိုင်များ၏ အခွင့်ရကိုယ်စားလှယ်) |
| | | ၃။ မမိပုလဲစီ (ကွယ်လွန်သူ ဦးမင်းလှထွန်း ၏ ဇနီး) |
| | | ၄။ မိမြင့်ကြည် |
| | | ၅။ မိမြင့်သီ |
| | | ၆။ မိချမ်းညွန့် |
| (တရားလို) | | (တရားပြိုင်များ) |

တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၇၀၄ ရပ်နေ ဦးမောင်ထိုင် သိစေရမည်။

တရားလို ဒေါ်မိချိုချိုနွယ် က သင့်အပေါ်တွင် "ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ နန္တကျေးရွာ၊ ကွင်းအမှတ်(၉၃၈)၊ ဖြဲဆွဲအင်းကွင်း၊ ဦးပိုင်အမှတ်(N-၅၀)အတွင်းရှိ ကြက်ပေါင်စေးပင်စိုက်ခင်း(၂၁)ဧကမှာ တရားလိုလက်ရှိထား စိုက်ပျိုးလုပ်ကိုင်ပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် တရားပြိုင်များမှ ကြက်ပေါင်စေးပင်စိုက်ခင်း(၂၁)ဧကအတွင်းသို့ ဝင်ရောက်ဟန့်တားနှောင့်ယှက်ခြင်းမပြုရန် အမြဲတမ်းတားဝရမ်းရလိုမှု" ရလိုကြောင်းနှင့် ရုံးတွင်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၄ ရက်)နေ့မွန်းမတည့်မီ(၁၀:၀၀)နာရီအချိန်တွင် သင်ကိုယ်တိုင်အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၎င်းပြင် အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ၎င်းအမှုကို စစ်ဆေးစီရင်ဆုံးဖြတ်လိမ့်မည်။ ၎င်းပြင် တရားလိုကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။

၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်နေလင်း)**

**ခရိုင်တရားသူကြီး**

**လှည်းကူးခရိုင်တရားရုံး**

## ရန်ကုန်အထိုင်လက်ကား မြေသြဇာ ရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း(MFSPEA)အနေဖြင့် တောင်သူများ အဓိကသုံးစွဲလျက်ရှိသော အောက်ပါမြေသြဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက်ကားဈေးနှုန်းအဖြစ် ၁-၅-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၅ ရက်နေ့အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

| | |
|---|---|
| (က) ယူရီးယား မြေသြဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ် | ၉၅,၀၀၀ ကျပ် |
| (ခ) Rock Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် | ၁၂၄,၀၀၀ ကျပ် |
| (ဂ) Dl Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် | ၁၃၅,၀၀၀ ကျပ် |

၂။ Complex ၁၅ ပတ်လည်မြေသြဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါ ဈေးနှုန်းများသည် ရန်ကုန်အထိုင်လက်ကားဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင် စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်း ကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်အသိပေးနိုင်ပါကြောင်း အသိပေးအပ် ပါသည် -

| | |
|---|---|
| (က) ဦးဆောင်ကော်မတီ | ၀၆၇-၄၁၀၀၃၂ |
| (ခ) MFSPEA အသင်း | ၀၉-၉၈၈၅၃၉၃၆၀ |

**မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်-၆၇၄(က)၊ မြေကွက်တည်နေရာအမှတ်-၆၇၄(က)၊ ကြည်ပြာပန်းခြံလမ်း၊ (၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်ဟုခေါ်တွင်သော မြေအတိုင်းအတာ (အလျား-၂၀ပေx အနံ-၆၀ပေ)၊ မြေရီယာ(၀.၀၂၇)ဧက၊ မြေအကျယ်-၁၂၀၀ စတုရန်းပေ၊ ဦးတင်လေး (ဘ) ဦးဘိုးလုံး၊ BDN-၀၁၃၃၀၄ အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်ပေါ်ရှိ (၂)ထပ်တိုက်နှင့် ရေမော်တာ အပါအဝင် မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရောက်ရယူပိုင်ဆိုင်လျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးသက်နိုင်(ဘ)ဦးအေး [၁၂/ဥကမ(နိုင်)၀၈၆၃၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြူကြူခိုင် (ဘ)ဦးမြတ်ထွန်းအောင်[၁၁/အမန(နိုင်) ၀၀၁၂၆၂]က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကြော်ငြာပါသည့်ရက်မှ (၁၄)ရက် (တစ်ဆယ့်လေးရက်) အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးမောင်မောင်လေး** | **ဒေါ်သက်စုလွင်** | **ဒေါ်တင်စန္ဒီကိုး** |
| **(စဉ်-၁၀၀၉၈)** | **(စဉ်-၁၁၁၄၈)** | **(စဉ်-၁၄၅၇၈)** |
| **(၂၉-၇-၂၀၁၄)** | **(၃၀-၈-၂၀၁၆)** | **(၁၄-၆-၂၀၁၈)** |

**တရားလွှတ်တော်ရှေ့နေများ**

**တိုက်-၉/၁၁၊ အခန်း-၁၀၃/စီ(ပထမထပ်)၊ ၃၆ လမ်း(အောက်)၊**

**ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၄၄၃၀၉၀၂၆၈**

# မီးဘေးရှောင် မလောင်ခင်တား

# လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး
# ၂၀၂၄–၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ
# ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနား
# ဖိတ်ကြားလွှာ



ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၀၂၄–၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ၁၈–၁၁–၂၀၂၄ ရက်နေ့မှ ၃၁–၃–၂၀၂၅ ရက်နေ့အထိ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါ၍ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို **၂၀၂၅ ခုနှစ် မေလ ၁၅ ရက် (ကြာသပတေးနေ့)၊ ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်၊ နံနက်(၀၇း၃၀) အချိန်**တွင် ရွှေတိဂုံစေတီတော် ရင်ပြင်မြောက်ဘက် ရာဟုထောင့် **အောင်မြေနေရာရှိ မင်္ဂလာမဏ္ဍပ်၌** ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၁–၃–၂၀၁၉ ရက်နေ့မှ ၃၁–၃–၂၀၂၅ ရက်နေ့အထိ သဒ္ဓါတရားထက်သန်စွာ ကုသိုလ်ပါဝင် လှူဒါန်းခဲ့ကြသည့် ရွှေသင်္ကန်းတော် အလှူရှင်များအနေဖြင့် ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေနိုင်ရန်အတွက် အခမ်းအနားသို့ တက်ရောက်နိုင်ပါရန် ဂါရဝတရားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

**မှတ်ချက်။** အလှူရှင်များသို့ သီးခြားဖိတ်စာ ပေးပို့ခြင်းမရှိပါသဖြင့် သိရှိလိုသည်များရှိပါက ဖုန်းနံပါတ် (၀၁၈ ၃၇၅၇၆၇) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## ရန်ကုန်မြစ်ရေလမ်းကြောင်းတိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်သည် ၂၀၂၅–၂၀၂၆ မှ ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်ထိ(၃)နှစ်စာ ရန်ကုန်မြစ် ရေလမ်းကြောင်း တိုးတက်ကောင်းမွန်ရေး သောင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအား သောင်တူးလုပ်ငန်းအတွေ့အကြုံ/စက်ယန္တရား/ နည်းပညာပြည့်စုံသော ပြည်တွင်း/ပြည်ပ/ဖက်စပ်ကုမ္ပဏီကြီးများအနက် အသင့်လျော်ဆုံးကုမ္ပဏီတစ်ခုအား တင်ဒါစိစစ်ခြင်းဆိုင်ရာ အမိန့်ညွှန်ကြားချက်(၁/၂၀၁၇) အပိုဒ် ၂၆/၂၇/၂၈/၂၉/၃၀ တို့နှင့်အညီ စိစစ်ရွေးချယ်၍ ဘဏ္ဍာရေးနှစ်အလိုက် တစ်နှစ်ချင်းစီ စာချုပ်ချုပ်ဆို လုပ်ငန်းအပ်နှံသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စိတ်ပါဝင်စားသည့် ကုမ္ပဏီကြီးများအနေဖြင့် အောက်ပါအတိုင်း လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်–

(က) တင်ဒါလျှောက်လွှာများ ဝယ်ယူရမည့်နေရာ – ဗဟိုပစ္စည်းထိန်းဌာန၊ ဗိုလ်တထောင်

(ခ) တင်ဒါလျှောက်လွှာများ ရောင်းချမည့်ရက် – ၆–၅–၂၀၂၅ မှ ၁၉–၅–၂၀၂၅ထိ (၁၅:၀၀)နာရီ

(ဂ) တင်ဒါလျှောက်လွှာများ တင်သွင်းရမည့်ရက်/အချိန် – ၂၀–၅–၂၀၂၅ (၁၃:၀၀)နာရီ

(ဃ) တင်ဒါလျှောက်လွှာများ တင်သွင်းရမည့်နေရာ – မြန်မာ့ဆိပ်ကမ်းအာဏာပိုင် (ရုံးချုပ်)

(င) တင်ဒါပဏာမဖွင့်ဖောက် စိစစ်လက်ခံမည့်အချိန် – ၂၀–၅–၂၀၂၅ (၁၄:၀၀)နာရီ

၃။ အသေးစိတ်သိလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ်မေးမြန်းနိုင်ပါသည်–

(က) ရေကြောင်းဌာန – 018246380, 018387117 လိုင်းခွဲ (211)

(ခ) ဗဟိုပစ္စည်းထိန်းဌာန – 081610230

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီးကျေးရွာ၊ ဇောတိက(၃)လမ်းရှိ ကွင်းအမှတ်(၅၃၄–အေ)၊ ကွင်းအမည်–သဃ်ာန်းကျွန်း (အနောက်ကွင်း)၊ ဦးပိုင်အမှတ်(N–၃)၊ ဒေါ်တင်ဇော်သိန်းအမည်ပေါက် ဥယျာဉ်ခြံမြေအမျိုးအစား မြေဧရိယာ(၀.၃၆)ဧက အကျယ်အဝန်းရှိသောမြေကွက်အား ဝယ်ယူပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိသူ ဦးဇော်ထွန်း[၁၂/မဂဒ(နိုင်)၀၁၅၁၆၀]မှ ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် မြေဧရိယာ(၀.၃၆)ဧကအနက်မှ (၂၅ ပေ x ၈၀ ပေ)အကျယ်အဝန်းအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးသန်း[၈/မဘန(နိုင်)၀၀၃၆၄၃]မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသိန်းမင်းဦး (LL.B, WIPO–Switzerland) အထက်တန်းရှေ့နေ(စဉ်–၅၄၅၇၄)**
**ဒေါ်ပြည့်သဉ္ဇာငွေး (LL.B, WIPO–Switzerland) အထက်တန်းရှေ့နေ(စဉ်–၅၄၅၂၈)**
**အမှတ်(၁၀)၊ (A)ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၄၄၇၀၆၅၁၊ ၀၉–၄၄၄၄၆၄၄၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီးကျေးရွာ၊ ဇောတိက(၃)လမ်းရှိ ကွင်းအမှတ်(၅၃၄–အေ)၊ ကွင်းအမည်–သဃ်ာန်းကျွန်း (အနောက်ကွင်း)၊ ဦးပိုင်အမှတ်(N–၃)၊ ဒေါ်တင်ဇော်သိန်းအမည်ပေါက် ဥယျာဉ်ခြံမြေ အမျိုးအစား မြေဧရိယာ(၀.၃၆)ဧက အကျယ်အဝန်းရှိသောမြေကွက်အား ဝယ်ယူပိုင်ဆိုင် လက်ရှိထားအကျိုးခံစားလျက်ရှိသူ ဦးဇော်ထွန်း [၁၂/မဂဒ(နိုင်)၀၁၅၁၆၀]မှ ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် မြေဧရိယာ(၀.၃၆)ဧကအနက်မှ (၂၄ ပေ x ၇၀ ပေ)အကျယ်အဝန်းအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးရာဇာလင်း[၈/နမန(နိုင်)၁၄၆၂၃၇]မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အားကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသိန်းမင်းဦး (LL.B, WIPO–Switzerland) အထက်တန်းရှေ့နေ(စဉ်–၅၄၅၇၄)**
**ဒေါ်ပြည့်သဉ္ဇာငွေး (LL.B, WIPO–Switzerland) အထက်တန်းရှေ့နေ(စဉ်–၅၄၅၂၈)**
**အမှတ်(၁၀)၊ (A)ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၄၄၇၀၆၅၁၊ ၀၉–၄၄၄၄၆၄၄၅၂**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်း(၁၅၇) သုခမိန်လမ်း၊ မြေကွက်အမှတ်(၂၀၉)၊ ဦးကျော်မြ(အမှတ်စဉ်–၁၂၁၄)ပါမစ်မူရင်းမှ ခွဲခြမ်းစိတ်ဖြာထားခြင်းမရှိသေးသော (ပေ၂၀x၆၀ပေ) မြေကွက်နှင့်နေအိမ်မှ အကျိုးခံစားခွင့်အားလုံးအား မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး အရောင်းအဝယ်စာချုပ် အဆက်စပ်များနှင့် ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးတင်ရွှေ[၁၂/ဥကမ(နိုင်)၀၈၄၂၂၇]ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးလှ [၁၂/ဒဂမ(နိုင်)၀၂၃၁၅၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးလှ ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၄၈၁၇၈)**
**ဖုန်း–၀၉–၄၄၀၉၈၆၁၄၆**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်”

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ သိပ္ပံမောင်ဝလမ်း၊ အမှတ်–၉၅ ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်–၄၂၊ မြေကွက်အမှတ်–၉၅၊ ဧရိယာ(၀. ၀၅၅)ဧက အကျယ်အဝန်းရှိ ဦးမျိုးမြင့် [၁၂/ဥကတ(နိုင်)၀၄၈၄၆၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေ အမျိုးအစား မြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်သိင်္ဂီစန်း(ဘ)ဦးမောင်စန်း [၁၂/မရက(နိုင်) ၁၂၄၅၄၈]ကိုင်ဆောင်သူက ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့်** ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ်ပြုလုပ်ခြင်းကို အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဝင်းယုဇနလှိုင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၄၀)**
**ဒေါ်သိမ့်သိမ့်စိုးဟန် (LL.B,DBL) တရားလွှတ်တော်ရှေ့နေ(စဉ်–၉၆၉၈)**
**အမှတ်–၁၂၆၊ ပထမထပ်(ဘယ်)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၄၄၃၀၄၂၁၃၃၊ ၀၉–၉၇၉၉၅၁၁၁**

## တောတောင် ပျက်ပြုန်း မြေဆီသုဉ်း၏

## ပတ်စ်ပို့ပျောက်

(ဘ)ဦးလှသောင်း၏ သမီး မအိအိငြိမ်း [၁၂/တကန(နိုင်) ၁၈၄၃၂၄] ၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၉၄၁၃၉၂၈၈၅

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီးကျေးရွာ၊ ဇောတိက(၃)လမ်းရှိ ကွင်းအမှတ်(၅၃၄–အေ)၊ ကွင်းအမည်–သဃ်ာန်းကျွန်း (အနောက်ကွင်း)၊ ဦးပိုင်အမှတ်(N–၃)၊ ဒေါ်တင်ဇော်သိန်းအမည်ပေါက် ဥယျာဉ်ခြံမြေအမျိုးအစား မြေဧရိယာ(၀. ၃၆)ဧက အကျယ်အဝန်းရှိသောမြေကွက်အား ဝယ်ယူပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိသူ ဦးဇော်ထွန်း[၁၂/မဂဒ(နိုင်)၀၁၅၁၆၀]မှ ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် မြေဧရိယာ(၀. ၃၆)ဧကအနက်မှ (၂၀ ပေ x ၇၀ ပေ)အကျယ်အဝန်းအား ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရာဇာလင်း[၈/နမန(နိုင်)၁၄၆၂၃၇]မှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်အတူ ဤကြော်ငြာပါသည့် နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသိန်းမင်းဦး (LL.B, WIPO–Switzerland) အထက်တန်းရှေ့နေ(စဉ်–၅၄၅၇၄)**
**ဒေါ်ပြည့်သဉ္ဇာငွေး (LL.B, WIPO–Switzerland) အထက်တန်းရှေ့နေ(စဉ်–၅၄၅၂၈)**
**အမှတ်(၁၀)၊ (A)ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊ လှိုင်မြစ်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၉၄၄၇၀၆၅၁၊ ၀၉–၄၄၄၄၆၄၄၅၂**

## သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ဒေါက်တာသိန်းဆွေ
## အသက်(၉၁)နှစ်

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့၊ အင်းဝဈေးချိုရပ်နေ(ဦးခန့်-ဒေါ်ပြုံးချို)တို့၏သား၊ စစ်ကိုင်းမြို့နေ (ဦးအေး-ဒေါ်ရွှေနိုင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သီလလမ်း၊ (၈၈၀)နေ ဒေါ်ခင်လှလှ ၏ ခင်ပွန်း၊ (ဒေါက်တာမျိုးဝင်း)-ဒေါက်တာခင်မိုးဖြူ၊ ဦးညီညီအောင်-ဒေါ်ခင်မိုးကြူ၊ ဦးမိုးသူ-ဒေါ်ငယ်ညိုညိုဦး၊ (ဦးမျိုးသီဟ)-ဒေါ်ကေသီဆွေတို့၏ မွေးသဖခင်၊ မြေး ငါးယောက်တို့၏ အဘိုး ဒေါက်တာ သိန်းဆွေ အသက် (၉၁)နှစ်သည် ၂-၅-၂၀၂၅ ရက် နံနက် ၆:၄၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ရေဝေးသုသာန်သို့ ယင်းနေ့ ၁၁ နာရီတွင် ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး မိတ်ဆွေသင်္ဂဟအပေါင်းအား ညှိုးငယ်သော စိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ပလ္လင်၊ ကျောင်း၊ တံတား ဒါယကာကြီး

## ဦးကြည်ဦး(ခ)ဦးတင်ဦး

(ကဗျာဆရာ မောင်အုန်းမွန်)
လက်ထောက်မြို့နယ်ပညာရေးမှူး(ငြိမ်း) - လပွတ္တာမြို့နယ်
အ-ထ-က အုန်းချောင်း၊ အ-လ-က မောင်းဒီး၊ အ-ထ-က ပြင်ခရိုင်၊
အ-ထ-က (၃) မြောင်းမြ၊ မြို့နယ်တရားသူကြီးဟောင်း - ငပုတောမြို့နယ်

## အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အုန်းချောင်းရွာနေ (ဦးမောင်ဒွေး-ဒေါ်ငွေလှိုင်)တို့၏ သားငယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်း၊ အမှတ်-၃၃၊ (၄)လွှာနေ ဒေါ်အမာမြင့်၏ ခင်ပွန်း၊ ဦးသက်ဇော်ဦး-ဒေါ်ခိုင်ခိုင်မွန်၊ ဒေါက်တာအောင်ပြည်ထွန်း-ဒေါ်ပြည့်လှိုင်ဦး၊ ကိုနောင်လင်းဦး -မယုယုအောင်၊ ကိုကျော်လွင်ထွန်း-မအေးမွန်ကြည်ဦး တို့၏ ဖခင်၊ မြေး လေးယောက်တို့၏ အဘိုး ဖြစ်သူ ဦးကြည်ဦးသည် ၉၆ ပါးသော ရောဂါဖြင့် ၂-၅-၂၀၂၅ (သောကြာနေ့) ည ၉:၂၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ မဉ္ဇူလမ်းသွယ်(၂)၊ အိမ်အမှတ် ၁ (ခ) နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၆-၅-၂၀၂၅ (အင်္ဂါနေ့)မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံ ပျံလွန်တော်မူခြင်း
ကျောက်ဖြူမြို့၊ ယပ်လှဲဆရာတော်ကြီး

## ဘဒ္ဒန္တစက္ကိန္ဒ

(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ)

## သိက္ခာတော်(၆၁)ဝါ၊ သက်တော်(၈၂)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ ယပ်လှဲကျောင်းပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ (ယခင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်)ဖြစ်တော်မူသော ဘဒ္ဒန္တစက္ကိန္ဒ မဟာထေရ်မြတ်ကြီးသည် ၁-၅-၂၀၂၅ရက် မွန်းလွဲ ၁:၄၄ နာရီ တွင် အာရုတော်ဝင်ဆေးရုံ၌ ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်ပါသည်။ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်ကို မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ နွယ်သာကီလမ်း၊ ၁၁ဏရပ်ကွက်ရှိ ရတနာမာရ်အောင်တောရဓမ္မရိပ်သာ (မြောက်ဦးဆရာတော်ကျောင်း)၌ အပူဇော်ခံထားရှိပြီး ၆-၅-၂၀၂၅ရက် နံနက် ၅:၄၀နာရီတွင် စင်းလုံးငှားလေယာဉ်ခရီးစဉ်ဖြင့် ကျောက်ဖြူမြို့သို့ ပင့်ဆောင်မည်ဖြစ်ကြောင်း တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ/ဒါယိကာမများ
ရန်ကုန်မြို့

## ဒေါ်ထွေးရီ

အလယ်တန်းပြ(ငြိမ်း)၊ ထ(၁)သံဖြူဇရပ်

## အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ (၁၁၂)လမ်း၊ အမှတ်(၁၃)မြေညီနေ(ဦးလူပိန်-ဒေါ်နှင်းစိန်)တို့၏ ချစ်လှစွာသော သမီးထွေး၊ (ဒေါ်အုန်းကျင်)၊ ဒေါ်မလုံး၊ ဒေါ်မလှရွှေ၊ ဒေါ်ကျင်ရွှေ၊ ဦးချစ်ညိမ်း-ဒေါ်အုန်းခင်၊ ဒေါ်စန်းရီတို့၏ ညီမ၊ (မောင်သန်းဝင်း)၏ အစ်မ၊ ဦးမိုးကြည်၏ ချစ်လှစွာသော ဇနီး၊ မောင်ထက်အောင်လှိုင်(3/E Ocean Majesty)၏ ချစ်လှစွာသောမိခင်သည် ၃-၅-၂၀၂၅ရက် နံနက် ၄:၄၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။(ကွယ်လွန်သူအား ရည်စူး၍ ၉-၅-၂၀၂၅ ရက်တွင် မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်၌ ရက်လည်ဆွမ်းကျွေးမည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်စွာဖြင့် အသိပေးအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

YIT, YTU, PTU 95 Nov Intake မှ ကျောင်းနေဖက်သူငယ်ချင်း ကိုဇော်မျိုးအောင် အသက် (၄၈)နှစ်သည် (၃-၅-၂၀၂၅) ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**YIT, YTU, PTU 35 Nov Intake သူငယ်ချင်းများ**

## ဦးဇော်မျိုးအောင် (အင်ဂျင်နီယာမှူးကြီး)
### လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## အသက်(၄၈)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ ဦးဇော်ဝင်း-ဒေါ်သောင်းအေး (ဇော်မျိုးအောင် လျှပ်စစ်ပစ္စည်းဆိုင်)တို့၏ သားကြီး၊ ဦးဝင်းကြိုင်-ဒေါ်တင်ကြည်တို့၏သားသမက်၊ ဦးအောင်ကိုဦး (မြိတ်မြို့နယ်၊ စည်ပင်သာယာရေးကော်မတီ)-ဒေါ်အေးအေးအောင်၊ ဦးအောင်မြတ်ထွဋ်-ဒေါ်ဝင်းနန္ဒာမြင့်တို့၏အစ်ကို၊ မောင်ကောင်းထက်ဟိန်း၊ မချိုထက်ဇင်၊ မဖြူသဲခိုင်တို့၏မွေးသဖခင်၊ နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အမှတ်(၂၆၉)နေ ဒေါ်ဝင်းသော်တာထွေး၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးဇော်မျိုးအောင်သည် ၃-၅-၂၀၂၅ ရက် (စနေနေ့) မွန်းလွဲ ၂:၀၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပါသဖြင့် ၅-၅-၂၀၂၅ ရက် (တနင်္လာနေ့) မွန်းလွဲ ၂:၀၀ နာရီ၌ လယ်ဝေးမြို့၊ စမ်းကလေးသုသာန်တွင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

(နေပြည်တော်၊ ကုတင် ၁၀၀၀ ဆေးရုံကြီးမှကားများ မွန်းလွဲ ၁ နာရီအချိန်တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း(၁)လမ်း၊ အမှတ်(၁၁)၊ ၂-ခန်းတွဲ ၆-ထပ်တိုက်မှ မြေညီထပ် တိုက်မျက်နှာမူလျှင် (ဝဲ)ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီးကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို (၅-၇-၂၀၁၃)ရက်နေ့တွင် အောင်တံခွန်ဆောက်လုပ်ရေးထံမှ တရားဝင် ဝယ်ယူ ပိုင်ဆိုင်ထားသူ **ဒေါ်မာလေး [၁၂/ဗဟန(နိုင်)၀၂၇၀၁၈]**ကွယ်လွန်၏ အမွေဆက်ခံပိုင်ဆိုင်သူ သမီးများဖြစ်ကြသော **၁။ ဒေါ်ဖြူမြင့်မာ[၁၂/ဗဟန(နိုင်)၀၂၇၀၁၅]၊ ၂။ ဒေါ်ပြုံးမြင့်သူ [၁၂/ဗဟန (နိုင်) ၀၂၇၀၁၆]၊ ၃။ ဒေါ်သစ်နွယ်အေး(ခ)ဖွားသစ် [၁၂/ဗဟန(နိုင်)၀၂၆၈၄၃]**တို့ဖြစ်ကြပြီး အမှတ်စဉ် (၁)နှင့် (၃)တို့၏ ကိုယ်စား အမှတ်စဉ် (၂) **ဒေါ်ပြုံးမြင့်**သူမှ မိမိတစ်ဦးတည်းသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် တိုက်ခန်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုစရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်း မူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ အဆိုပါသတ်မှတ်ရက် ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**တိုက်ခန်းဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044, 09-250674940**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုဇော်မျိုးအောင် B.E(E.P)
## အသက်(၄၈) နှစ်

လောကဓမ္မတာ သင်္ခါရတရားကို ကိုယ်တိုင်ပြသသွားခဲ့တဲ့ သူငယ်ချင်း ကိုဇော်မျိုးအောင် မြင့်မြတ်သောဘုံဌာနသို့ ရောက်ရှိနိုင်ပါစေ။ ပြုခဲ့သောကောင်းမှုကုသိုလ်များအား သာဓုခေါ်ဆိုနိုင်ပါစေ သူငယ်ချင်းရေ၊ အမျှ အမျှ အမျှ။

**သူရအောင်ဘို၊ ထောင်းဇိုခိုင်၊ စိုးထွဋ်ခိုင်၊
မျိုးသန့်ထွန်း၊ အောင်အောင်ဦး၊ အောင်သူထွန်း၊
ကျော်လှိုင်ဝင်း၊ ကျော်အောင်ဝင်းနှင့်
သူငယ်ချင်းများ**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ယု
### ရွှေလမင်းသက်န်းတိုက်၊ မြိတ်မြို့
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဝင်ဒါမီယာ၊ အောင်မင်းခေါင်(၂)လမ်း၊ အိမ်အမှတ်(၃၇)နှင့် မြိတ်မြို့၊ တလိုင်းစုရပ်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ်(၁၈)နေ(ဦးဆိုင်ရာ-ဒေါ်ရှုဘွန်)တို့၏ ဒုတိယသမီး၊ (ဦးကျင်ဝှက်-ဒေါ်ကြင်ညွန့်)တို့၏ သမီးချွေးမ၊ (ဦးမြင့်လွင်-ဒါရိုက်တာ၊ ပထမပုဂ္ဂလိကဘဏ်လီမိတက်)၏ ဇနီး၊ ဦးကျော်မြင့်-ဒေါ်လွင်လွင်ဦးတို့၏ ညီမ၊ (ဦးသန်းငွေး)-ဒေါ်စုစု၊ ဒေါ်လွင်လွင်မော်၊ ဦးတင်ဦး-ဒေါက်တာအေးအေးသိန်းတို့၏ အစ်မ၊ ဦးခိုင်ဝင်း-ဒေါ်စန္ဒာလွင်၊ ဒေါက်တာ သူရိန်လွင်-ဒေါ်ထက်မြတ်ခိုင် တို့၏ မိခင်၊ မောင်စွမ်းထက်ခိုင်ဝင်း၊ မခင်ထိပ်ထားခိုင်ဝင်း၊ မောင်လင်းမြတ်ခိုင်ဝင်း၊ မောင်ကောင်းခန့်သူရိန်၊ မဆုမြတ်သူရိန်၊ မသုမြတ်သူရိန်တို့၏ အဘွားဖြစ်သူ ဒေါ်တင်တင်ယုသည် ၂-၅-၂၀၂၅ရက် ည ၁၁:၃၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၄-၅-၂၀၂၅ ရက် နံနက် ၁၁:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၁၀၄၉-ခ)၊ ထ/၄၃/၁၆ ရပ်ကွက်လိပ်စာပါ ဦးအောင်မင်းကြည် [၁၂/မဘန(နိုင်)၀၇၃၉၁၄] အမည်ပေါက် ပေ(၂၀x၆၀)ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးအား လက်ရှိလက်ဝယ်ထားပိုင်ဆိုင်သူ ဦးနိုင်ကိုဦး[၁၄/မအပ(နိုင်)၃၅၆၁၅၆]ထံမှ မှတ်ပုံတင်အမှတ် [၁၂/အစန(နိုင်)၀၉၂၇၉၂] ကိုင်ဆောင်သူ ဦးကြည်မြင့်မှ ဝယ်ယူရန် သဘောတူပြီးဖြစ်ကာ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုအိမ်ခြံမြေအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အထက်ပါ အိမ်ခြံမြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နှင်းဝတ်ရည် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၇၄၉၅/၂၀၀၈)
အမှတ်(၁၉၂/ခ)၊ ကေရာဇ်(၃)လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။
ဖုန်း-၀၉-၄၂၀၉၆၅၃၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ဗိုလ်မင်းခေါင်လမ်း၊ မြေကွက်အမှတ်(၈၀၃)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင် သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနရှိမြို့မြေစာရင်းတွင် **ဦးခင်ငြိမ်း(W/RGN၀၀၀၆၂၈)**အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်တင်နှင်းသူ [၁၂/ဒဂန(နိုင်)၀၀၃၉၇၆]**သည် **"နှစ်ဦးသဘောတူ ကတိစာချုပ်"** ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်း ရောင်းချရန် ကျွန်ုပ်တို့၏မိတ်ဆွေထံသို့စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၄၀၆)** | **(စဉ်-၅၅၅၆၃)** |

**ဒေါ်သန်းငွေ(ခ)ဒေါ်သန်းသန်းငွေ(LL.B)(စဉ်-၅၆၆၆၂)
အထက်တန်းရှေ့နေများ
အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၆၆၃၀၈၀၁၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၈)၊ တ/၄၁ လိပ်စာပါ ဦးစောတက်ထွန်း(HIG-၀၁၁၅၉၉)အမည်ပေါက် ပေ(၄၀x၆၀) ပါမစ်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရှိလက်ဝယ်ထား ပိုင်ဆိုင်သူ ဦးအောင်ခိုင်[၉/ညဥန(နိုင်)၁၄၆၁၉၅]ထံမှ မှတ်ပုံတင်အမှတ်[၁၁/မပန(နိုင်)၀၇၁၂၉၆]ကိုင်ဆောင်သူ ဦးဇော်မျိုးအောင်နှင့် မှတ်ပုံတင်အမှတ်[၁၁/တကန(နိုင်)၀၆၈၈၁၀]ကိုင်ဆောင်သူ ဒေါ်နော်စင်သီယာမြင့်တို့မှ ဝယ်ယူရန်သဘောတူပြီးဖြစ်ကာ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ပိုင်းအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထိုခြံမြေအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤ ကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အထက်ပါ ခြံမြေအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်နှင်းဝတ်ရည် (LL.B)
အထက်တန်းရှေ့နေ (စဉ်-၂၇၄၉၅/၂၀၀၈)
အမှတ်(၁၉၂/ခ)၊ ကေရာဇ်(၃)လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။
ဖုန်း-၀၉-၄၂၀၉၆၅၃၈၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၊ သံလွင်လမ်း၊ အမှတ်- ၉၃စီတည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်-၃၆အီး၊ မြေကွက်အမှတ်-၉၀ကော၊ ဧရိယာ(၀. ၃၀၀)ကေရှိ မြေပိုင်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြောက်ဘက်အခြမ်း၊ ဘိုးလှလမ်းဘက်(ခန့်မှန်း၁၁၅-ပေ)၊ တောင်ဘက် (ခန့်မှန်း ၁၁၇-ပေ)၊ သံလွင်လမ်းဘက်မျက်နှာစာ(၄၀-ပေ)၊ အနောက်ဘက် [ခန့်မှန်း၃၈-ပေ(သို့မဟုတ်)၃၉-ပေ]အကျယ်ရှိ မြေကွက်နှင့်အကျိုးခံစားခွင့်တို့၏အမည်ပေါက်သူ ဒေါ်ချန်လီဟွာ(ခ)ဝေဝေရီ၏ အမွေဆက်ခံသူ သား၊ သမီးများနှင့် ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်ရန် သဘောတူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်လှတင်(LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)
အမှတ်-၈၅၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉-၅၀၂၁၂၄၄**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့်
လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကိုပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ်...**

❖ **ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင် နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ်...**

❖ **အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိ...**

❖ **ဥပမာပေးရမည်ဆိုပါက "အရိပ်နေနေ၊ အခက်ချိုးချိုး" ပြုလုပ်နေသူများဖြစ်...**

❖ **၎င်းကဲ့သို့အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၃/၂၀၂၄)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

---

# ဝုလ်ဗာဟမ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး မန်စီးတီးအသင်း ပရီမီယာလိဂ်အဆင့်(၃)နေရာတက်လှမ်း



မန်စီးတီးအသင်းနှင့် ဝုလ်ဗာဟမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

မန်စီးတီးအသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ မေ ၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ် ပွဲစဉ်(၃၅)မှာ မန်စီးတီးအသင်းက ဝုလ်ဗာဟမ်တန်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၃) နေရာကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့ ဝုလ်ဗာဟမ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အဆိုပါပွဲစဉ်မှာ မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပထမပိုင်းပွဲကစားချိန် ၃၅ မိနစ်မှာ ကွင်းလယ်ကစားသမား ကီဗင်ဒီဘရိုင်းက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖**

---


**ယနေ့ ဖတ်စရာ**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၁) ကြိမ်မြောက် လှူဒါန်းသည့် Modular (prefabricated) house အလုံး ၃၄၀ လွှဲပြောင်းလက်ခံ** စာမျက်နှာ » ၅

**PDF အမည်ခံအကြမ်းဖက်သမားများက မုံရွာမြို့ရှိ အများပြည်သူသွားလာအသုံးပြုနေသည့် ဇက်ဆိပ်တွင် လက်လုပ်တိုက်မိုင်းများ ထောင်ထားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျဖယ်ရှားရှင်းလင်း** စာမျက်နှာ » ၁၅

**MNL ချန်ပီယံရှစ်ယူနိုက်တက်အသင်း နိုင်ငံခြားသားကြံ့ခိုင်ရေးနည်းပြနှင့် ဂျပန်နောက်ခံလူ ခေါ်ယူ** စာမျက်နှာ » ၂၅


---

## FIFA-MFF ယူ-၁၉ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၇) ကျင်းပ



JVအသင်းနှင့် Generations အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ရန်ကုန် မေ ၃**

FIFA-MFF ယူ-၁၉ လူငယ်ဖူဆယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)ကို မေ ၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပသည်။

ပွဲစဉ် (၇) တွင် Pacific Sun Far အသင်းက Royal Noka အသင်းကို ၁၄ ဂိုး-ခြောက်ဂိုး၊ ဖူဆယ်ချစ်သူအသင်းက FFU မင်းမဟော်အသင်းကို လေးဂိုး-သုံးဂိုး၊ VUC ULAD အသင်းက ရွှေပြည်သာ ယူနိုက်တက်အသင်းကို ခြောက်ဂိုး-တစ်ဂိုး၊

**စာမျက်နှာ ၂၅ ကော်လံ ၃ သို့ ❋**

---




မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းနှင့် Black Pearl United အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## ထိုင်းခြေစမ်းခရီးစဉ်တွင် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း သုံးပွဲစလုံးရှုံးနိမ့်

**ရန်ကုန် မေ ၃**

နိုင်ငံတကာပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံတွင် သွားရောက်လေ့ကျင့်ခဲ့သည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည်

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❒